မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၁၂၅)

# ဒုတိယအကြိမ်လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဖေဖော်ဝါရီ ၁

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်း ထမင်းစားခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက် ဂုဏ်ပြုအမှာစကား ပြောကြားသည်။**

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပထမအကြိမ် လွှတ်တော်များတွင် ဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြသည့် သူရဦးရွှေမန်းနှင့် ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုအမှာစကားကို စာမျက်နှာ - ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

*စာမျက်နှာ ၃ ကော်လံ ၁* ✤



C B BANK

ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေကြေးထောက်ပံ့မှုများ
Best Trade Finance Bank
2018 (Asset Triple A) (The Asian Banker)
Tel : +95 1 2317 770 STU : +95 1 2317 698 STU@cbbank.com.mm

# ဒီမိုကရေစီနိုင်ငံရေးနှင့် လွှတ်တော်များ

အပြုသဘောဆောင်သည့် အတွေးအယူ၊ အပြုသဘောဆောင်သည့် အပြောအဆို၊ အပြုသဘောဆောင်သည့် အပြုအမူအလုပ်အကိုင်ဟူသည့် စကားမှာ ဒီမိုကရေစီစနစ် နိုင်ငံရေးတွင် အလွန်လေးနက်သည့် အနှစ်သာရ ပါဝင်နေသည်။

ဒီမိုကရေစီနိုင်ငံရေးဟု စကားအသုံးအနှုန်းအရသာ ဆိုရသော်လည်း နိုင်ငံရေးဆိုသည်မှာ အာဏာရှင်စနစ်အောက်တွင် ခေါင်းဖော်ခွင့် ရရိုးမရှိပါ။ နိုင်ငံရေးဆိုသည်မှာ ပြည်သူလူထုက ပြည်သူ့အတွက် တာဝန်ယူအလုပ်လုပ်မည့် နိုင်ငံရေးသမားများကို ရွေးချယ်တာဝန်ပေးနိုင်ရေးကို ဖန်တီးပေးသည့် အခြေခံအဆောက်အအုံနှင့် အစီအမံများပေါ်တွင် တည်မှီနေပါသည်။ ထို့ကြောင့် ပြည်သူလူထု၏ သဘောဆန္ဒကို အခြေခံရသည့်အတွက် ဒီမိုကရေစီရှင်သန်မှုရှိမှသာ နိုင်ငံရေးအခင်းအကျင်း ကျယ်ပြန့်လင်းချင်းသည့်သဘောရှိမည်သာ။

ဒီမိုကရေစီစနစ်တွင်းက နိုင်ငံရေးတွင် ပြည်သူလူထုအများစုက ရွေးချယ်တာဝန်ပေးသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ထိုကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်များ၏ အခန်းကဏ္ဍက အရေးအကြီးဆုံး အထင်ကရအဖြစ်ဆုံး တာဝန်လည်းအကြီးဆုံးဟု ဆိုရပါမည်။ လွှတ်တော်များကပဲ နိုင်ငံတော်သမ္မတနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကို အစိကဖွဲ့စည်းပေးသည် မဟုတ်ပါလား။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်တို့၏ အခန်းကဏ္ဍနှင့် တာဝန်များမှာ နိုင်ငံတွင်းနေ ပြည်သူလူထုအားလုံးအတွက် အရေးအပါဆုံး၊ ထိပ်တန်းအကျဆုံးနေရာ၌ ရှိသည်ဟု ဆိုရပါမည်။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် တာဝန်ယူရမည့်သူတို့သည် ပြည်သူလူထုကို ကိုယ်စားပြုရမည့်အားလျော်စွာ အပြုသဘောဆောင်သည့် အတွေးအယူ၊ အပြောအဆို၊ အပြုအမူ အလုပ်အကိုင်တို့ကို ဂရုထားဆောင်ရွက်ကြသည့် လူကြီးလူကောင်းများဖြစ်ကြရန် လိုပါသည်။

သည်တာဝန်များကို ယူနိုင်ရန်အတွက် နိုင်ငံရေးသမားတို့သည် မိမိ၏ ကိုယ်ကျိုးကို ဦးစားမပေးဘဲ အများပြည်သူ၏ အကျိုးစီးပွားဦးထိပ်ထားသူများ ဖြစ်ရန်လိုသလို ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သူများလည်း ဖြစ်ရန်လိုပါသည်။

ထို့ပြင် ပြည်သူလူထု၏ သဘောဆန္ဒက ဘာ၊ လိုအပ်ချက်က ဘာ၊ ဖြစ်နိုင်သည်က ဘာ ဆိုသည်တို့ကို ကျေညက်နားလည်ပြီး ထိုသဘောဆန္ဒလိုအပ်ချက်တို့ကို မည်သို့မည်ပုံ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဆိုသည့် အရည်အချင်းမရှိဘဲ ပြည်သူ့ကိုယ်စားလှယ်ကောင်းတစ်ယောက် မဖြစ်နိုင်ပါ။

ထို့အတူ အရည်အချင်းမည်မျှပင် ရှိစေကာမူ ပြည်သူလူထု၏ ယုံကြည်မှုနှင့် တာဝန်ပေးအပ်ခံရသူလည်း ဖြစ်ရန်လိုပါသည်။ ပြည်သူက မထောက်ခံဘဲ မရွေးချယ်ဘဲ ပြည်သူ့ကိုယ်စားလှယ်ကောင်း တစ်ယောက် မဖြစ်နိုင်။

သည်လို အခြေခံအရည်အသွေးများဖြင့်ပြည့်စုံသော ပြည်သူ့ကိုယ်စားလှယ်များဆိုသည်မှာ တိုင်းပြည်အရေး၊ ပြည်သူလူထုအရေးကိုသာ ဦးထိပ်ပန်ဆင်ရင်း နိုင်ငံအတွက် အပြုသဘောဆောင်သည့် အယူအတွေး အပြောအဆို အပြုအမူတို့ အမှန်တကယ်ပင် လိုအပ်ပါသည်။

လွှတ်တော်များတွင် ထိုင်နေကြသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိကိုရွေးချယ်တင်မြှောက်လိုက်သည့် မဲဆန္ဒနယ်များ၏ အကျိုးသာမက နိုင်ငံတစ်ဝန်းလုံး၏ အကျိုးနှင့်ယှဉ်ကာ လွှမ်းခြုံကြည့်မြင်နိုင်သည့် မြော်မြင်ဉာဏ်ကြီးသူများ ဖြစ်ရန်လိုပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံရေးသမားများဟူသည် မိမိအယူအတွေးသာ မှန်ကန်သည်ဟု မျက်စိပိတ်ထားရန်မဟုတ်ဘဲ မိမိနှင့် သဘောထားချင်းမတူသည့် အယူအဆများကိုလည်း နားလည်အောင် ကြိုးစားကာ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားအပေါ် အခြေခံ၍ ဆုံးဖြတ်လုပ်ဆောင်နိုင်ကြရန် ကြိုးစားကြဖို့လိုမည်ဟု ယုံကြည်သည့်အတိုင်း အစီရင်ခံတင်ပြအပ်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

## ကန်ကြီးထောင့်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စံပြကျေးရွာများဆုပေး

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာဆုပေးပွဲကို ဇန်နဝါရီလ နောက်ဆုံးပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာသီရိသုခ ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူ၊ ဦးစိုးမိုးထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားသည်။

မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က ကျေးရွာ ၇၇ ရွာမှ မြစိမ်းရောင်စီမံကိန်း ယူနစ် ၅၈ ခုအနက် စံပြကျေးရွာ ရွေးချယ်ခြင်းဆိုင်ရာ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နေသော ကျေးရွာများထဲမှ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အကောင်းဆုံးစံပြကျေးရွာသုံးရွာမှ စီမံကိန်းကော်မတီဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**နန်းထိုက်(ရွှေကန်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသန်းဇော် ညွှန်ကြားရေးမှူး စီမံရေးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေး ဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာလှလှဝင်း ပါမောက္ခ/ဌာနမှူး ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန | ပါမောက္ခချုပ် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခဒေါက်တာဌေးလှ ဒုတိယပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန |

## ကွမ်းခြံကုန်းမြို့နယ်၌ ဒီရေတောများစိုက်ပျိုးပြုစုခြင်းစီမံကိန်း ဆောင်ရွက်ရန် ဆွေးနွေးမည်

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၁**

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ရှုခင်းအဖွဲ့ (Worldview International Foundation)နှင့် တောင်ကိုရီးယားနိုင်ငံအခြေစိုက် ECOEYE အဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း ဒီရေတောများစိုက်ပျိုးပြုစုခြင်းစီမံကိန်းဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဖွဲ့တို့သည် လက်ခုပ်ကုန်း ကျေးရွာအနီးရှိ ကန်လျားရှည် ကြိုးပြင်ကာကွယ်တောအတွင်းမှ ဒီရေတောပြုန်းတီးသွားသော နေရာများနှင့် ဒီရေတောများ ပေါက်ရောက်ရှင်သန်ရန် အဆင်သင့်ဖြစ်နေသော မြက်ခင်းပြင်များ၌ ဒီရေတောစိုက်ခင်းများ ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးမူဘောင်ဆိုင်ရာ ကွန်ဗင်းရှင်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဒီရေတောများသည် လူသားတို့အား ဆူနာမီရေလှိုင်းနှင့် မုန်တိုင်းအစရှိသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ပင်လယ်ရေပြင်အတွင်းသို့ ကုန်းတွင်းပိုင်းမှအညစ်အကြေးများ ဝင်ရောက်မှုမရှိအောင် ကာကွယ်ပေးခြင်း၊ ငါး ပုစွန် မျိုးစိတ်များနှင့် အခြားရေနေသတ္တဝါအမျိုးမျိုးတို့ ပေါက်ပွားရှင်သန် မှီခိုရာဖြစ်ခြင်း၊ ကုန်းတွင်းပိုင်း ရေချိုအရင်းအမြစ်များနှင့် စိုက်ပျိုးမြေများသို့ ရေငန်တိုးဝင်ခြင်းမှ ကာကွယ်ပေးခြင်း စသည့်အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်းလုပ်ငန်းများဖြင့် ဒီရေတောဧရိယာများ တိုးပွားလာအောင် ဆောင်ရွက်နိုင်ပါက အဆိုပါအကျိုးကျေးဇူးများကို ပိုမိုရရှိလာမည်ဖြစ်သလို ယခုစီမံကိန်းတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးလာစေရန်အတွက် အခြားဝင်ငွေရလုပ်ငန်းများကိုလည်း ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် လေ့လာဆန်းစစ်ပြီး ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

## စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် နေအိမ်ဆယ်လုံးခန့် အရေးပေါ်ပြောင်းရွှေ့ရန် လိုအပ်နေ

**ရေတာရှည် ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ကမ်းဘေးရှိ ဉသျှစ်ပင်ကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းဘေးကပ်လျက်ရှိ နေအိမ်ဆယ်လုံးကျော်မှာ ကမ်းပြိုကျမည့် အန္တရာယ်ရှိနေပြီး လတ်တလောရွှေ့ပြောင်းရန် လိုအပ်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများမှာ ပြောင်းရွှေ့ရန် အခက်အခဲများလည်းရှိနေကြောင်း အဆိုပါကျေးရွာ ရာအိမ်မှူး ဦးနေဝင်းက ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားသည်။

ဉသျှစ်ပင်ကျေးရွာသည် မြို့လှမြို့အရှေ့မြောက်ဘက် မြစ်တစ်ဖက်ကမ်း တစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး မြစ်ရေဦးတိုက်သည့်နေရာတည့်တည့်တွင် ရှိနေခြင်းကြောင့် မိုးရာသီတွင်သာမက နွေရာသီ မြစ်ရေနည်းပါးချိန်တွင်ပါ ကမ်းပြိုမှုများ ကြုံတွေ့နေရကြောင်း ကျေးရွာနေ ဒေသခံများက ပြောသည်။

"ကျွန်တော်တို့ရွာက အိမ်ခြေ ၂၀၀ ကျော်ရှိတယ်။ မြစ်ရေကြီးတဲ့အချိန်ရော၊ ရေကျတဲ့အချိန်တွေမှာရော ကမ်းပါးတွေပြိုလို့ အရှေ့ဘက် မိုင်ဝက်လောက်က ဇီးဖြူတန်းရွာနဲ့ အေးကြီးအောက်ရွာကြားကို အိမ်ခြေ ၉၀ ကျော်လောက် ရွှေ့ပြောင်းခဲ့ရပြီး အခုသာယာကုန်းရွာဆိုပြီးဖြစ်လာတာ။ သီးနှံခင်းတွေပါတာလည်း ကေပေါင်း မနည်းတော့ပါဘူး။ အခုလည်း ကမ်းဘေးနားကပ်နေတဲ့အိမ်တွေဆို ရွှေ့ပြောင်းရမယ်ဆိုရင် ဘယ်နားသွားနေရမှန်းကို မသိတာ။ အချို့က ဆွေမျိုးနီးစပ်ရာလေးတွေဆီမှာ ကပ်နေရတယ်။ ကျွန်တော်တို့ရွာအနေနဲ့ ကမ်းထိန်းရေကာတွေ လုပ်ချင်နေတာကို သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ နည်းပညာပိုင်း အကူအညီပေးစေချင်ပါတယ်"ဟု ဦးနေဝင်းက ဆက်ပြောသည်။



ဉသျှစ်ပင်ကျေးရွာမှ မြစ်ကမ်းပါးပြိုကျနေသည့်နေရာကို တွေ့ရစဉ်။

စစ်တောင်းမြစ်ကြောင်းသည် အထက်ပိုင်းကျသော အေးကြီးအောက်ရွာနှင့် သာယာကုန်းကျေးရွာသွားလမ်းခွဲအထိ အဖြောင့်အတိုင်းစီးဆင်းကာ ထိုနေရာမှ တစ်ဆင့် အနောက်ဘက်သို့ ချိုးကွေ့သွားပြီး ဉသျှစ်ပင်ရွာတည့်တည့်သို့ ရေဦးတိုက်စီးဆင်းနေခြင်းဖြစ်ကြောင်း မြင်တွေ့ရသည်။ ယခင်က စစ်တောင်းမြစ်ကို ဉသျှစ်ပင်ကျေးရွာနှင့် ဇီးဖြူတန်းကျေးရွာအကြားမှ ဖြတ်ချိုးရန် စီစဉ်မှုများရှိသော်လည်း ယခုအချိန်အထိ အကောင်အထည်မဖော်နိုင်သေးသောကြောင့် ကမ်းပြိုကမ်းစားမှု အန္တရာယ်ကို ဆက်လက်ကြုံတွေ့နေရဦးမည်ကိုလည်း ကျေးရွာနေဒေသခံများက စိုးရိမ်လျက်ရှိသည်။

**သန်းလွင်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။ သတင်းစဉ်

✤ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂုဏ်ပြုအမှာစကားကို စာမျက်နှာ - ၆ တွင် သီးခြားဖော်ပြထားပါသည်။)**

**လွှတ်တော်များ၏သက်တမ်း ရှစ်နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် ယနေ့သည် ဒုတိယအကြိမ် လွှတ်တော်များ၏ သုံးနှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ ဖြစ်သကဲ့သို့ မိမိတို့ လွှတ်တော်များ၏ သက်တမ်းသည်လည်း ရှစ်နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဒီမိုကရေစီ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် မိမိတို့သည် အတူတကွလက်တွဲပြီး ဆက်လက်ကြိုးပမ်းနေကြရဦးမည်ဖြစ်ပါကြောင်း၊ လျှောက်လှမ်းနေဆဲ ဒီမိုကရေစီခရီးအတွက် ခိုင်မာသည့် ဥပဒေပြုရေး မဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် လိုအပ်ချက်များ၊ အားနည်းချက်များကို ပြုပြင်ပြီး ယခုထက်ပိုမို ကြိုးစားကြရမည် ဖြစ်ပါကြောင်း။

**အမြဲတစေ သုံးသပ်ဆင်ခြင်ကြရန် လိုအပ်**

လွှတ်တော်များ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရန် ပြည့်စုံခိုင်မာသည့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစနစ်များ၊ လူသားအရင်းအမြစ်များ စွမ်းရည်ပြည့်ဝမှုနှင့် အတွေ့အကြုံပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပကတိအခြေအနေနှင့် ကိုက်ညီအောင် အမြဲတစေ သုံးသပ်ဆင်ခြင်ကြရန် လိုအပ်ပါကြောင်း၊ ယင်းကဲ့သို့ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နိုင်ကြမှသာ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်ညီညွတ်ပြီး ခိုင်မာအားကောင်းသည့် ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း။

တွင်ရှိသည်၊ မည်မျှအရေးပါသည်ဆိုသည်ကို တာဝန်ရှိသူများအားလုံး သိရှိကြပြီးဖြစ်ပါကြောင်း၊ ဥပဒေပြုလွှတ်တော်များသည် ဒီမိုကရေစီအခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ လွှတ်တော်များ ခိုင်မာအားကောင်းလာသည်နှင့်အမျှ ပြည်သူကို ဗဟိုပြုမှုနှင့် အခြားသောမဏ္ဍိုင်များနှင့် အပြန်အလှန် ထိန်းကျောင်းမှုများလည်း ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ဒုတိယအကြိမ် လွှတ်တော်သက်တမ်း သုံးနှစ်ရှိလာပြီဖြစ်သည့်အတွက် မိမိတို့၏ လွှတ်တော်များအနေဖြင့် ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ အရည်အသွေးနှင့် လွှတ်တော်ကော်မတီများ၏ လုပ်ငန်းစွမ်းဆောင်ရည်သည် လွန်စွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်တွင် ဥပဒေပြုရေးမဏ္ဍိုင်သည် မရှိမဖြစ်လိုအပ်ပြီး ခိုင်မာအားကောင်းလာစေရေးသည် အရေးကြီးသည်ဆိုသည်ကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထင်ထင်ရှားရှား သိမြင်ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများနှင့်

ဆောင်ရွက်မှုတို့ကို ထင်ထင်ရှားရှား ပြသနိုင်သည့် ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျန်ရှိသည့် သက်တမ်းကာလတွင် လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် ပြည်သူကို ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

စေလိုပါကြောင်း၊ သို့မှသာ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ မဲဆန္ဒရှင်ပြည်သူများ၏ အခြေခံလူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ကြမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဥပဒေများ ပြဋ္ဌာန်းပေးပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေး

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားရာတွင် လွှတ်တော်သက်တမ်းသည် ယခုဆိုလျှင် သုံးနှစ်တာကာလ ပြည့်မြောက်ခဲ့ပြီးဖြစ်၍ ပြည်သူလူထုအကျိုးအတွက် ဥပဒေပြုကဏ္ဍမှ ဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပြဋ္ဌာန်းပေးခြင်းများ ဆောင်ရွက်ပေးသကဲ့သို့ ပြည်သူလူထု၏ လိုလားချက်၊ ဆန္ဒနှင့် မျှော်လင့်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူကို ကိုယ်စားပြုဆောင်ရွက်ပေးပါသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း**

ပြည်သူ့အုပ်ချုပ်ရေးဖြစ်သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျှောက်လှမ်းသည့် ခရီးလမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ မထားရှိဘဲ ဥပဒေပြုသူများပီပီ အစွဲကင်းစွာ လက်တွေ့ဘဝတွင် ပြည်သူများ ဥပဒေ၏အကာအကွယ်ဖြင့် အေးချမ်းလုံခြုံစွာ နေနိုင်ရန်၊ ပြည်သူများ ဥပဒေ၏အကာအကွယ်ကို တန်းတူရရှိစေနိုင်ရန်၊ ခေတ်စနစ်နှင့်အညီ ကိုက်ညီသည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်ရန် အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းထမ်းဆောင်သွားကြရမည် ဖြစ်ပါကြောင်း။

**ဒီမိုကရေစီစနစ် ပိုမိုထွန်းကားအောင် ဆောင်ရွက်**

ရှေ့ဆက်၍လည်း ပြည်သူလူထုကိုယ်စားပြု လွှတ်တော်များ၏ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အလိုက်ဖြစ်စေ၊ ကော်မတီအလိုက်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဦးချင်းစီဖြစ်စေ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရင်း ပြည်သူကိုဗဟိုပြုသည့် ဒီမိုကရေစီစနစ် ပိုမိုထွန်းကားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်အား အထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။ သတင်းစဉ်



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးအား အထိမ်းအမှတ်ပစ္စည်း ပေးအပ်စဉ်။ သတင်းစဉ်

**ဥပဒေပြုလွှတ်တော်များသည် ဒီမိုကရေစီအခြေခံအုတ်မြစ်ဖြစ်**

လက်ရှိအချိန်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ မျှော်လင့်ချက်ဖြစ်သော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး၏ စုပေါင်းအားနှင့် ကြိုးစားဖော်ဆောင်နေကြသည့် ကာလဖြစ်ပါကြောင်း၊ ယခုလိုအချိန်တွင် မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်၏ အခန်းကဏ္ဍသည် မည်သည့်နေရာ

လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်မြင်စေရန်၊ အပြည့်အဝထမ်းဆောင်နိုင်ရန် ကြုံတွေ့ရသည့် အခက်အခဲ၊ အားနည်းချက်နှင့် လိုအပ်ချက်များကို ပြန်လည်ဆန်းစစ်သုံးသပ် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်အဖြစ် ရပ်တည်နိုင်မည်**

သို့မှသာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်ဖြစ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် ပိုမိုကောင်းမွန်သည့် တာဝန်ကျေပွန်မှုနှင့် ပူးပေါင်း

မဏ္ဍိုင်များနှင့် ဟန်ချက်ညီညီ အပြန်အလှန်ထိန်းကျောင်းကြရင်း ဒီမိုကရေစီ ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်နေကြရသည့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး စွမ်းဆောင်ရည်နှင့် တာဝန်ကျေပွန်မှုတို့ကို ပြသကာ ပြည်သူ့အကျိုးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးနိုင်ကြရန် ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နိုင်ငံသားတစ်ဦးချင်းစီ၏ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြုရေးကဏ္ဍတွင် အားကိုးအားထားပြုစရာ လွှတ်တော်မှတစ်ပါး အခြားမရှိပြီဟု ဆိုရလောက်အောင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၄ သို့*

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. PRAK Sokhonn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ ပူးတွဲကော်မရှင်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့မှု အခြေအနေ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေး၊ အခွန်နှစ်ထပ်ကင်းလွတ်ခွင့်ပြုရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး၊ မန္တလေးမြို့နှင့် ဆီရမ်ရိမြို့တို့အကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Sok Chea လည်း တက်ရောက်သည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. PRAK Sokhonn အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ပြည်ထောင်စုကြီးတစ်ဝန်းလုံး တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ဒေသအသီးသီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူပြည်သားများ၏ ဆန္ဒများ၊ လိုအပ်ချက်များကို အစဉ်နားစွင့်ရင်း၊ သိနိုင်အောင် အမြဲကြိုးစားရင်း မိမိတို့၏ လွှတ်တော်ဆောင်ပုဒ်ဖြစ်သည့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆိုသည့်အတိုင်း မိမိတို့ ဖြတ်သန်းလာခဲ့သည့် လွှတ်တော်သက်တမ်း သုံးနှစ်တာကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံကောင်းများဖြင့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်နိုင်ကြရန် ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပစ္စည်းကို ပေးအပ်ရာ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကပူးပေါင်းပါဝင်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လည်းကောင်း၊ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် "နောင်တွင် ဥဒါန်းတွင်စေသတည်း" ရုပ်ရှင်ဇာတ်ကား ကူညီပြသပေးမှုအတွက် ကိုယ်စားလှယ်တစ်ဦးအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လည်းကောင်း အထိမ်းအမှတ်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး လွှတ်တော်သဘင်ဆောင်၌ ပြသသည့် "နောင်တွင် ဥဒါန်းတွင်စေသတည်း" ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

# အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး၊ပြည်နယ်များတွင် ရွှေ့ပြောင်းသွားလာမှုများ၊ တစ်ဖက်နိုင်ငံများမှ ပြန်လည်လက်ခံမှုများနှင့် ပြည်တွင်းရွှေ့ပြောင်းသွားလာမှုများနှင့် ပြည်ပရွှေ့ပြောင်းသွားလာမှုများသည် တစ်နေ့တခြား ပိုမိုများပြားလာသည့်အတွက် အဆိုပါအကြောင်းအရာနှင့် ပတ်သက်သည့် မိမိတို့ဝန်ကြီးဌာနသည် ပိုမို၍ အရေးပါသည့် အခန်းကဏ္ဍနေရာတွင် ရှိနေ၍ အခြားသောဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာသည့် အခြေအနေများကိုသိရှိပြီး မိမိတို့ဌာနဆိုင်ရာ အကြီးအကဲများက အလေးထား၍ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**အလုပ်ရုံများသို့ သွားရောက်လေ့လာရန်လို**

ဆက်လက်၍ အနည်းဆုံးအခကြေးငွေကိစ္စကို နှစ်နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မည်ဖြစ်သည့်အတွက် ခေတ်နှင့်အညီ သတ်မှတ်နိုင်ရန် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ကြိုတင်ကျင်းပထားကြရန် လိုပါကြောင်း၊ အနည်းဆုံး အခကြေးငွေသတ်မှတ်မှုနှင့် အကျုံးဝင်သည့် အလုပ်သမားများကိုလည်း သတ်မှတ်ချက်အတိုင်း လုပ်ခလစာများရရှိမှု ရှိ/မရှိအား စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာရန် လိုအပ်ပါကြောင်း။

ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း လျာထား အင်အား ၃၀၀၀ အား အရည်အချင်းအကဲဖြတ်ရာတွင် လျာထားချက်ပြည့်မီပြီး အရည်အချင်းပြည့်မီစေရန် တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ပါကြောင်း၊ အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစီမံချက် ၂၀၁၈-၂၀၂၂ ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုနည်းပါးလာစေရန်အတွက် လုပ်သားအင်အား ၃၀ အထက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ WCC များကို တိုးချဲ့ဖွဲ့စည်းရန် လိုအပ်ပါကြောင်း။



အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**IT စနစ် ပြုပြင်ပြောင်းလဲနိုင်ရေး ဦးစားပေးဆောင်ရွက်**

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ၏ အားကိုးယုံကြည်မှုရရှိအောင် ယခုဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်(၄)ရပ်ကို ဆက်လက်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှ ကျန်းမာရေးဆောင်ရွက်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်ပါကြောင်း၊ အလုပ်သမားများ စိတ်ကျေနပ်မှုရှိစေရန် ကျန်းမာရေးစောင့်ရှောက်မှုများကို ယခုထက် ပိုမိုဆောင်ရွက်သွားကြရန်၊ ထည့်ဝင်ကြေးများအတွက် IT စနစ်ကိုပြုပြင်ပြောင်းလဲနိုင်ရေးကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မိမိနိုင်ငံအခြေအနေနှင့် ကိုက်ညီသည့် ပြည့်စုံကောင်းမွန်သော မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစီမံချက်ကို ထွက်ပေါ်လာအောင် ဆောင်ရွက်ရန်ဖြစ်ပြီး ကလေးအလုပ်သမားများအတွက် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ၎င်းတို့ မိသားစု၏ ဆင်းရဲမွဲတေမှုအခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များက အားကြိုးမာန်တက်ဆောင်ရွက်နေသည်ဖြစ်သည့်အတွက် မိမိတို့ဌာနဝန်ထမ်းများက သိရှိပြီး ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ကျွမ်းကျင်လုပ်သားများအား သတ်မှတ်လျာထားချက်အတိုင်း ဆောင်ရွက်သကဲ့သို့ ကျွမ်းကျင်လုပ်သားများအတွက် ထိုက်သင့်သည့် အကျိုးခံစားခွင့်များရှိအောင် စီမံဆောင်ရွက်သွားရန်၊ CMP ကြီးကြပ်ရေးကော်မတီ အစည်းအဝေးများကိုလည်း ပုံမှန်ကျင်းပသွားရန်၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေး ပိုမိုကောင်းမွန်ရေး ဆောင်ရွက်ရန်နှင့် ရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးဥပဒေများကိုလည်း ပြန်လည်သုံးသပ်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အဆိုပါအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်ထောင်စုအကျိုးကို ရှေးရှုပြီး မတူညီတဲ့ကွဲပြားမှုတွေကို စုစည်းညီညွတ်ခြင်းကသာလျှင် ပြည်ထောင်စုရဲ့ အင်အားများဖြစ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဒုတိယအကြိမ် လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုအမှာစကား

- ❒ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လူထုလူတန်းစား အလွှာအသီးသီးကနေ ရောက်ရှိလာတာ ဖြစ်ပါတယ်။ အဲဒါကြောင့် တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူညီတဲ့ အတွေးအခေါ် အယူအဆတွေရှိကြသလို သဘောထားကွဲပြားမှုတွေလည်း ရှိကြမှာ သဘာဝကျပါတယ်။
- ❒ မတူညီတဲ့သဘောထားတွေ၊ မတူညီတဲ့ကွဲပြားမှုတွေကို ဒီမိုကရေစီမဏ္ဍိုင်ကြီး ၁၂ ချက်မှာ ပါတဲ့အတိုင်း သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတွေနဲ့ အပြုသဘော အမြင်နဲ့ ဆွေးနွေးညှိနှိုင်းကြရမှာ ဖြစ်ပါတယ်။
- ❒ အဲဒီလို ဆွေးနွေးညှိနှိုင်းမှု ရင့်ကျက်တည်ငြိမ်ခိုင်မာလာတာနဲ့အမျှ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားပြီး ကိုယ်စားလှယ်တွေရဲ့ အရည်အသွေးများလည်း တိုးတက်လာကာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။

ဒီနေ့ဟာဆိုရင် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး မှတ်တမ်းဝင်တဲ့နေ့ တစ်နေ့ဖြစ်ပါတယ်။ အခုဆိုရင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း သုံးနှစ်မြောက်နေ့ ဖြစ်ပါတယ်။ လွှတ်တော်ဆိုတာ အချုပ်အခြာအာဏာပိုင်တဲ့ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပြီး လုပ်ပိုင်ခွင့်အာဏာအပ်နှင်းလိုက်တဲ့ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးဖြစ်တာကြောင့် လွှတ်တော်ရဲ့အရှိန်အဝါက ကြီးမားလှပါတယ်။ ထို့အတူ ဒီကိုယ်စားလှယ်များက တိုင်းရေးပြည်ရာများဆွေးနွေးဖို့ စုဝေးရာ အရပ်ဒေသဥပစာဖြစ်တဲ့ လွှတ်တော်အဆောက်အဦရဲ့ ခမ်းနားထည်ဝါမှုကလည်း ကြီးမားပါတယ်။

### တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြဖို့လို

လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်မှာပါတဲ့အတိုင်း ပြောမယ်ဆိုရင် ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံသော အများက လေးစားအပ်တဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံသောဆိုတဲ့နေရာမှာ ဂုဏ်ထူးထွက်ဖို့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို ကျေညက်ဖို့ လိုပါတယ်။ ထို့အတူ ဝိသေသဆိုတဲ့နေရာမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးရဲ့ လွှတ်တော်ဖြစ်တဲ့အတွက် ဒီမိုကရေစီရဲ့ ဝိသေသလက္ခဏာတွေကိုလည်း နားလည်သဘောပေါက်ဖို့ လိုပါတယ်။ အများကလေးစားအပ်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ဆိုရင် နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အကျိုး၊ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အကျိုးကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြဖို့လိုပါတယ်။

### အထွေထွေဗဟုသုတကြွယ်ဝဖို့လို

ဒါ့အပြင် တစ်နေရာမှာတွေ့ရှိရတာက လွှတ်တော်ကိုယ်စားလှယ်တွေကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များလို့ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်ဖြစ်အောင်လည်း ကိုယ်စားလှယ်များအနေနဲ့ အထွေထွေဗဟုသုတကြွယ်ဝဖို့ လိုပါတယ်။ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ လူမှုရေးအမြင်၊ လုံခြုံရေးအမြင်တွေရှိရမယ့်အပြင် ဒေသဆိုင်ရာအမြင်နဲ့ နိုင်ငံတကာအမြင်လည်း ရှိဖို့လိုပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပတ်သက်ပြီး မိမိတို့မဲဆန္ဒနယ်မြေရဲ့ စီမံကိန်းတွေမှာဆိုရင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ဘဲ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးအပ်တဲ့ ပုဂ္ဂိုလ်များဖြစ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

### အပြန်အလှန်ထိန်းကျောင်းခြင်းကို ဆောင်ရွက်

ပေါင်းစပ်ညှိနှိုင်းဆွေးနွေးအပ်တယ်ဆိုတဲ့ နေရာမှာ အထူးသတိပြုရမှာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်စေဘဲဆိုတာ အထူးသတိပြုရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် ဒီမဏ္ဍိုင်သုံးရပ်က တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ လမ်းကြောင်းတိမ်းစောင်းမှုမရှိအောင် ထိန်းကျောင်းထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။

ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်တွေကို ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်အခွင့်အရေးတွေလည်း ပေးထားပါတယ်။ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်အခွင့်အရေးတွေဟာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဥပဒေနဲ့အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ပေးထားသလို တစ်ဖက်မှာလည်း မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေနဲ့ပတ်သက်ရင် ကန့်သတ်ချက်၊ စည်းကမ်းချက်၊ ကျင့်ဝတ်တွေ ရှိပါတယ်။ ကန့်သတ်ချက်၊ စည်းကမ်းချက်၊ ကျင့်ဝတ်တွေဟာ တကယ်ပြောမယ်ဆိုရင် ကိုယ်စားလှယ်တွေကို တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေချင်တာ ဖြစ်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် လွတ်လပ်ခွင့်နဲ့အခွင့်အရေးကို မှန်ကန်စွာကျင့်သုံးရသလို၊ တာဝန်ယူမှုနဲ့၊ တာဝန်ခံမှုကိုလည်း အလွဲသုံးစားမလုပ်ရဘူးဆိုတာကို ဒွန်တွဲပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

### မတူညီတဲ့ အတွေးအခေါ်အယူအဆတွေရှိ

ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ လူထုလူတန်းစား အလွှာအသီးသီးကနေ ရောက်ရှိလာတာဖြစ်ပါတယ်။ အဲဒါကြောင့် တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူညီတဲ့ အတွေးအခေါ်အယူအဆတွေ ရှိကြသလို သဘောထားကွဲပြားမှုတွေလည်း ရှိကြမှာ သဘာဝကျပါတယ်။ မတူညီတဲ့သဘောထားတွေ၊ မတူညီတဲ့ကွဲပြားမှုတွေကို ဒီမိုကရေစီ မဏ္ဍိုင်ကြီး ၁၂ ချက်မှာပါတဲ့အတိုင်း သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတွေနဲ့ အပြုသဘောအမြင်နဲ့ ဆွေးနွေးညှိနှိုင်းကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ဆွေးနွေးညှိနှိုင်းမှု ရင့်ကျက်တည်ငြိမ်ခိုင်မာလာတာနဲ့အမျှ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားပြီး ကိုယ်စားလှယ်တွေရဲ့အရည်အသွေးများလည်း တိုးတက်လာကာ လွှတ်တော်ရဲ့ဂုဏ်သိက္ခာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။

### ပြည်ထောင်စုသားများဆိုတာကို ခံယူကြစေချင်

ကျွန်တော်တို့ အမိမြန်မာနိုင်ငံတော်ဟာ ပြည်ထောင်စုနိုင်ငံတော် ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများအားလုံးနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ရေမြေတောတောင် သဘာဝတွေမတူညီကြပေမယ့် ပြည်နယ် တိုင်းဒေသကြီးအားလုံးဟာ ပြည်ထောင်စုရဲ့ အစိတ်အပိုင်းများ ဖြစ်တယ်ဆိုတာကို နှလုံးသွင်းစေချင်ပါတယ်။ ထို့အတူ တိုင်းရင်းသားလူမျိုးများအကြားမှာလည်း ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာတွေ မတူညီကြပေမယ့် ပြည်ထောင်စုသားများ ဖြစ်တယ်ဆိုတာကို ခံယူကြစေချင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်ထောင်စုအကျိုးကိုရှေးရှုပြီး မတူညီတဲ့ ကွဲပြားမှုတွေကို စုစည်းညီညွတ်ခြင်းကသာလျှင် ပြည်ထောင်စုရဲ့ အင်အားများဖြစ်ပါကြောင်း အလေးအနက်ခံယူကြပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။




## ရွှေသောင်ယံမြို့၌ မြေယာနစ်နာကြေးငွေပေးအပ်

**ရွှေသောင်ယံ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ရပ်ကွက်(၁)အတွင်း ကမ်းခြေဆင်းလမ်းများ ဖောက်လုပ်ရာတွင် ပါဝင်သွားသော မြေယာပိုင်ရှင်များအတွက် မြေယာနစ်နာကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲပိုင်းက ရွှေသောင်ယံမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကမ်းခြေဆင်းလမ်း ဖောက်လုပ်ရာ၌ ပါဝင်သွားသော မြေပိုင်ရှင်ခြောက်ဦး၏ မြေကေ ၀ ဒသမ ၂၉ ကေအတွက် ငွေကျပ် ၁၀၁၅ သိန်းကို ပေးအပ်ခဲ့ပြီး ကျန်ရှိသေးသည့် ၀ ဒသမ ၂၁ ကေအတွက် ငွေကျပ် ၇၃၅ သိန်းကို မကြာခင် ဆက်လက်ပေးအပ်သွားမည်ဟု အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုကိုမောင် (ရွှေသောင်ယံ)**

## ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၁၈ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတို ၆၄ ပုဒ်၊ ဆောင်းပါး ၁၅၆ ပုဒ်၊ ကဗျာ ၁၀၅ ပုဒ်နှင့် ဓာတ်ပုံ ၄၇၂ ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်များ၏ ဝတ္ထုတိုပြိုင်ပွဲတွင် ဦးဆန်းဦး(မင်းလပြည့်၊ ဟားခါး)က ဒီဇင်ဘာချစ်သူဖြင့် ပထမ၊ ဒေါ်ခိုင်ဝါဝါကျော် (ခိုင်ဝါကျော်-ဘောဂဗေဒ)က ပင်စင်စားတို့စကားဝိုင်းဖြင့် ဒုတိယ၊ ဖြူဇင်မိုး (မြန်စာဂုဏ်) က သင့်အသက် သင့်လက်ထဲတွင်ရှိသည်ဖြင့် တတိယ၊ အောင်ကိုကိုဦး (ထက်ဝေအောင်- စစ်ကိုင်း)၊ ဦးမောင်မောင်လွင် (မောင်မောင်လွင်-ရွှေဘိုသား)၊ ဦးမြင့်မောင် (မောင်စူးရှ-အနောက်ရိုးမ)တို့က နှစ်သိမ့်ဆု၊ ဆောင်းပါးပြိုင်ပွဲတွင် အောင်လင်းသူ(ကွန်ပျူတာ)က အားကစားစိတ်ဓာတ်အကြောင်း သိကောင်းစရာဖြင့် ပထမ၊ ဦးဇင်မင်းဝင်းက ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြင့် ဒုတိယ၊ ဦးဘုန်းကြိုင်(မင်းလူ)က ကျန်းမာစေကြောင်း နည်းလမ်းကောင်း စုပေါင်းဆင်နွှဲ လူထုလမ်းလျှောက်ပွဲဖြင့် တတိယ၊ ဦးရဲညွန့်(ရဲရဲထွန်းတောက်-မှော်လုံး)၊ ဦးစိန်ဝင်း (ပန်းမြိုင်လယ် စိန်ဝင်း)၊ ဦးထိန်လင်း (လင်းအရုဏ်ဦး-ပဲခူး) တို့က နှစ်သိမ့်ဆု၊ ကဗျာပြိုင်ပွဲတွင် ဦးသန်းဝင်း (မင်းယဉ်စု) က အားကစားဖြင့် နိုင်ငံဂုဏ်မြှင့်လူမျိုးတင့်ဖြင့် ပထမ၊ ဦးဝင်းရွှေ (မောင်ယဉ်ဝင်း-ဒေါပုံ)က ကျန်းမာပျော်ရွှင်နေလိုလျှင်ဖြင့် ဒုတိယ၊ ဦးကျော်ဆန်း(ဖိုးကျော်-ပခုက္ကူ)က ဘဝညီမျှခြင်း မာရသွန်ဖြင့် တတိယ၊ ဦးသိန်းဇော် (ကြည်သိန်းဇော်)၊ ဦးခင်မောင်ထွန်း(မင်းသွေးနွယ်-ဇီးကုန်း)၊ ဦးခင်မောင်ဌေး (ချမ်းမြအေး- ညောင်တုန်း) တို့က နှစ်သိမ့်ဆု၊ ဓာတ်ပုံပြိုင်ပွဲတွင် မဟယ်လင်က ပထမနှင့် ဒုတိယ၊ ကိုဇော်မင်း(မန်းတောင်)က တတိယ၊ အောင်မျိုးထွန်း (ရွှေပြည်သစ်)က နှစ်သိမ့်ဆု (၁)၊ မင်းဇာနည်ဇော်က နှစ်သိမ့်ဆု(၂)၊ ကိုဇော်မင်း(မန်းတောင်)က နှစ်သိမ့်ဆု(၃)၊ အထူးဆုများအဖြစ် ယမင်းဝင်းလှိုင်၊ ဌေးဝင်း (ရမ္မာဝတီ)၊ ကျော်မျိုးထွန်း၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ မင်းဇာနည်ဇော်၊ အောင်မြင့်ထွေးတို့က အသီးသီး ဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁)၌ ကျင်းပမည်ဖြစ်ပါ၍ ဆုပေးပွဲကျင်းပမည့်ရက်အား ဆုရရှိသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၈၁၀၄၃၃၄၊ ၀၆၇-၈၁၀၄၃၃၅၊ ၀၉-၄၂၉၀၃၅၃၅၀၊ ၀၉-၂၀၀၂၁၉၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ- ကမ္ဘောဒီးယား စီးပွားရေးနှင့် လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒုတိယအကြိမ်မြောက် မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာ ပရက်ဆုတ်ခွန်းအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်တွင် လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ဝန်ကြီး မစ္စတာပရက်ဆုတ်ခွန်းနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ယင်းသို့ တွေ့ဆုံစဉ် မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် ဘုံအကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေး ကိစ္စရပ်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ အနေဖြင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ၊ အကျိုးတူကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတကာ မျက်နှာစာတွင် စည်းလုံးညီညွတ်စွာအတူတကွ ရပ်တည်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကမ္ဘောဒီးယားနိုင်ငံသို့ နှစ်ဖက် အဆင်ပြေသင့်လျော်သည့် အချိန်တွင် လာရောက်လည်ပတ်ရန် ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဟွန်ဆင်မှဖိတ်ကြားမှုကိုလည်း ဒုတိယဝန်ကြီးချုပ် မစ္စတာပရက်ဆုတ်ခွန်းမှ ထည့်သွင်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဒီမိုကရေစီလွှတ်တော်တစ်ခု ပေါ်ပေါက်ဖို့ဆိုတာဟာ ပြည်သူလူထုရဲ့ ပါဝင်ပတ်သက်မှုဟာ အဓိကကျပါတယ်

## ဒုတိယအကြိမ်လွှတ်တော်များ၏ (၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ဂုဏ်ပြုအမှာစကား

**“ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်ဟာ တစ်တိုင်းပြည်လုံးက တိုင်းနဲ့ပြည်နယ်တွေက လွှတ်တော်တွေအတွက် ပျိုးခင်းတွေလည်းဖြစ်ပါတယ်။ ဒီမှာလုပ်ပုံလုပ်နည်းတွေ မှန်ကန်ပုံ၊ စေတနာတွေ မှန်ကန်ပုံ၊ ဆင်ခြင်တုံတရားတွေ ကြီးမားပုံ ဒီဟာတွေဟာ တိုင်းနဲ့ပြည်နယ် လွှတ်တော်တွေအထိပါ ပွားသွားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ တကယ့်ကို အားလုံးက နေပြီး ယုံကြည်လေးစားနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖြစ်လာမှာပဲ ဖြစ်ပါတယ်”**

ဒီကနေ့ ဒုတိယအကြိမ်လွှတ်တော် (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားမှာ ကျွန်မတို့ရဲ့ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်အတူ ရှိနေနိုင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။

ကျွန်မတို့မကြာခဏပြောပါတယ်။ “ ဒီမိုကရေစီအစလွှတ်တော်က”လို့။ ဒီနေ့မှာလည်း ကျွန်မပြောချင်ပါတယ်။“လွှတ်တော်အစပြည်သူက” ပါ။ လွှတ်တော်ဆိုတာ ပြည်သူကြောင့် ပေါ်လာတာပါ၊ ဒီမိုကရေစီစနစ်ကြောင့်ပေါ်လာတာပါ။ ဒါကြောင့်မို့ ဒီနေ့မှာ ကျွန်မပြောချင်တာက ကျွန်မတို့ရဲ့လွှတ်တော်ဟာ ဥပဒေပြုမဏ္ဍိုင်တစ်ခုအနေနဲ့သာမြင်လို့ မလုံလောက်ပါဘူး။ လွှတ်တော်ဟာ ကျွန်မတို့နိုင်ငံအတွက်၊ ဒီမိုကရေစီထွန်းကားဖို့အတွက် ပြုစုပျိုးထောင်ပေးတဲ့ ပျိုးခင်းတစ်ခုလို့ မြင်စေချင်ပါတယ်။

ဒီမိုကရေစီလွှတ်တော်တစ်ခု ပေါ်ပေါက်ဖို့ဆိုတာဟာ ပြည်သူလူထုရဲ့ပါဝင်ပတ်သက်မှုဟာ အဓိကကျပါတယ်။ အစကတည်းက ကျွန်မတို့ပြောကြတယ်။ ပါတီစုံဒီမိုကရေစီလို့။ ပါတီစုံဒီမိုကရေစီဆိုတာဟာ တကယ်တော့ ပြောဖို့တောင် မလိုပါဘူး။ တစ်ပါတီစနစ်ဆိုရင် ဒီမိုကရေစီမဖြစ်နိုင်ပါဘူး။ အနည်းဆုံးတော့ နှစ်ပါတီရှိရမယ်။ အဓိကပြောချင်တာက ပြည်သူလူထုမှာရွေးချယ်နိုင်တဲ့ အခွင့်အရေးကိုပေးဖို့ဟာ ဒီမိုကရေစီရဲ့ အခြေခံအတွေးအခေါ်တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူလူထုကို ရွေးချယ်မှုပေးဖို့ လုပ်တဲ့နေရာမှာ နိုင်ငံရေးပါတီတွေရဲ့ ကဏ္ဍ၊ ပြည်သူလူထုရဲ့ကဏ္ဍတွေ ပါလာတယ်။ ကျွန်မတို့ လွှတ်တော်မစခင်ကတည်းက နိုင်ငံရေးပါတီများဟာ ပြည်သူလူထုကြားမှာ လှုပ်ရှားဖို့ ကြိုးစားတဲ့အခါမှာ ဒီမိုကရေစီအကြောင်းကို သင်ယူရတယ်။

### ဒီမိုကရေစီဆိုတာ ပြည်သူကိုအခြေခံတဲ့စနစ်

ဒီမိုကရေစီဆိုတာ ပြည်သူကိုအခြေခံတဲ့စနစ်၊ ပြည်သူရဲ့ထောက်ခံမှုကို ဘယ်လိုရအောင်လုပ်ရမလဲ၊ ပြည်သူက ဘာတွေလိုလားသလဲ၊ ပြည်သူရဲ့မျှော်လင့်ချက်တွေက ဘယ်လိုတွေရှိသလဲ၊ စိုးရိမ်မှုတွေက ဘယ်လိုရှိသလဲဆိုတာစပြီးတော့ ဒီလွှတ်တော်ရွေးကောက်ပွဲတွေကို မဝင်ခင်ကတည်းက နိုင်ငံရေးပါတီများဟာ လေ့လာရတယ်။ အဲဒီဟာကိုက နိုင်ငံရေးပါတီများကို လွှတ်တော်ကို အကြောင်းပြုပြီး ဒီမိုကရေစီအကြောင်း သင်ပေးလိုက်ရာ ရောက်ပါတယ်။ နောက်တစ်ခါ ရွေးကောက်ပွဲတွေရောက်တဲ့ အချိန်ကာလမှာ စည်းမျဉ်းစည်းကမ်းဥပဒေဘောင်အတွင်းကနေ ပြည်သူကို ဘယ်လိုစည်းရုံးရမလဲဆိုတာ သင်ယူရတာကလည်း ဒီမိုကရေစီကို မြှင့်တင်ရာ ရောက်ပါတယ်။

လွှတ်တော်ထဲကို ဝင်ချင်ရင်၊ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ချင်ရင် ပြည်သူလူထုရဲ့ထောက်ခံမှု ရအောင်ယူရမယ်။ မှန်မှန်ကန်ကန် ဥပဒေနဲ့ကိုက်ညီတဲ့နည်းတွေနဲ့ ဘယ်လိုဒီထောက်ခံမှုကို ဘယ်လိုရအောင်ယူရမလဲဆိုတာ လွှတ်တော်ကို အကြောင်းပြုပြီးတော့ ကိုယ်စားလှယ်လောင်းများဟာ တစ်ဦးချင်း၊ တစ်ဦးချင်း သင်ယူရတာ ဖြစ်ပါတယ်။ လွှတ်တော်ထဲ ရောက်လာတဲ့အခါကျတော့ ဥပဒေပြုမဏ္ဍိုင်ဆိုတာ၊ ဥပဒေပြုတယ်ဆိုတာဟာ နိစ္စဓူဝ ပြည်သူတွေနဲ့ သက်ဆိုင်တဲ့ဥပဒေတွေတင် မဟုတ်ဘူး။ အခုဆိုရင် ကျွန်မတို့နိုင်ငံအတွက် အဓိကအကျဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့လည်း လွှတ်တော်ကိုယ်စားလှယ်များဟာ တာဝန်ရှိလာပါတယ်။ ဒီတာဝန်တွေကို ထမ်းဆောင်ဖို့ဆိုတာ ဒီမိုကရေစီကို ပြုစု ပျိုးထောင်တဲ့ အလုပ်တစ်ခုပဲလို့ ကျွန်မတို့ ဒီလိုပဲမြင်စေချင်ပါတယ်။

### ပြည်သူလူထုအတွက် တစ်ချိန်လုံးစဉ်းစားပေးရ

တချို့တွေကဆိုရင် လွှတ်တော်ကိုယ်စားလှယ်ဆိုတာဟာ သိပ်ပြီးတော့ အထင်ကြီးစရာ မဟုတ်ဘူးလို့ ထင်တဲ့သူတွေလည်း ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကနေတစ်ဆင့် ပိုပြီးကြီးမားတဲ့ရာထူးတွေကို မျှော်မှန်းတဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ တကယ်တော့ တာဝန်ကျေတဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ယောက်လောက် ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်ဆိုတာဟာ ဒီမိုကရေစီစနစ်မှာ မရှိနိုင်ပါဘူး။ တာဝန်ကျေတဲ့ ပြည်သူ့ကိုယ်စားလှယ်ဟာ ပြည်သူလူထုကို အကျိုးပြုတယ်၊ ပြည်သူလူထုကို ကိုယ်စားပြုတယ်၊ ပြည်သူလူထုအတွက် တစ်ချိန်လုံးစဉ်းစားပေးရပါတယ်။ ကိုယ့်ရဲ့ ပါတီအပေါ်မှာရှိတဲ့ တာဝန်၊ ကိုယ့်ရဲ့မြို့နယ်အပေါ်မှာရှိတဲ့ တာဝန်၊ ကိုယ့်ရဲ့နိုင်ငံအပေါ်မှာရှိတဲ့ တာဝန်၊ တာဝန်အမျိုးစုံကို ချင့်ချိန်ပြီး၊ မှန်မှန်ကန်ကန်သုံးသပ်ပြီး လေးလေးနက်နက် လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေကိုလုပ်ဖို့ ဆုံးဖြတ်ရပါတယ်။

စေတနာ၊ မေတ္တာ၊ သတ္တိ၊ ပညာတို့နဲ့ယှဉ်ပြီးတော့ လွှတ်တော်အတွင်းမှာ နိုင်ငံ့အကျိုးအတွက်၊ ပြည်သူ့အကျိုးအတွက် ထမ်းဆောင်ပိုင်ခွင့်ရတဲ့ ကိုယ်စားလှယ်များလောက် ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဒီမိုကရေစီစနစ်မှာ မရှိနိုင်ပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ ဒီမိုကရေစီပျိုးခင်းကို ပြုစုပျိုးထောင်ပေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူစေချင်ပါတယ်။ ကိုယ့်ရဲ့အရည်အချင်း တစ်နေ့ထက်တစ်နေ့ ပိုပြီးတော့တိုးပွားလာအောင်၊မြင့်မားလာအောင် ကြိုးစားစေချင်ပါတယ်။ လွှတ်တော်အတွင်းမှာ မတူကွဲပြားတဲ့ပါတီများ၊ အမြင်များ ပြည့်ပြီး အင်အားတစ်ခုဖြစ်အောင် လုပ်နိုင်ဖို့ အခွင့်အရေးတွေလည်း အများကြီးရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တိုင်းဟာ ကိုယ့်ရဲ့ဂုဏ်သိက္ခာအတွက်တင်မဟုတ်၊ ကိုယ့်နိုင်ငံရဲ့ဂုဏ်သိက္ခာအတွက်ပါ စဉ်းစားဖို့လိုပါတယ်။ လွှတ်တော်ထဲမှာ ကိုယ်ပြောလိုက်တဲ့စကား၊ ပြောပုံပြောနည်း၊ ကိုယ့်ရဲ့ရည်ရွယ်ချက် ဒီဟာတွေဟာ ကိုယ်တစ်ဦးတည်းအပေါ်မှာ ရောင်ပြန်ဟပ်တာ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ပါတီတစ်ခုအပေါ်မှာလည်း ရောင်ပြန်ဟပ်တာမဟုတ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့အပေါ်မှာပါ ရောင်ပြန်ဟပ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ဟာ အင်မတန်မှ ကြီးလေးပါတယ်။ တကယ့်ကို အများပြည်သူကနေ လေးစားတဲ့၊ ခင်မင်တဲ့၊ တန်ဖိုးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ကျွန်မတို့ရဲ့အခုခေတ်တင်မဟုတ်ဘူး နောင်ခေတ်မှာ လာမယ့်ကိုယ်စားလှယ်တွေအားလုံးအတွက် စံနာမူနာဖြစ်သွားနိုင်ပါတယ်။ ဒီလိုစံနမူနာဖြစ်သွားပြီဆိုရင် ကျွန်မတို့ရဲ့ဒီမိုကရေစီစနစ် အခြေခိုင်သွားအောင်လို့ လုပ်ပေးရာရောက်ပါတယ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ပျိုးခင်းဆိုတာဟာ တစ်နေရာတည်းမှာ ထားဖို့မဟုတ်ပါဘူး။ ဒီပျိုးခင်းကနေစပြီး အပင်လေးတွေပွားပြီးတော့ တစ်တိုင်းပြည်လုံးကို ရအောင်လို့ လုပ်ပေးနိုင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်ဟာ တစ်တိုင်းပြည်လုံးက တိုင်းနဲ့ ပြည်နယ်တွေက လွှတ်တော်တွေအတွက် ပျိုးခင်းတွေလည်းဖြစ်ပါတယ်။ ဒီမှာ လုပ်ပုံလုပ်နည်းတွေ မှန်ကန်ပုံ၊ စေတနာတွေမှန်ကန်ပုံ၊ ဆင်ခြင်တုံတရားတွေ ကြီးမားပုံ ဒီဟာတွေဟာ တိုင်းနဲ့ ပြည်နယ်လွှတ်တော်တွေအထိပါ ပွားသွားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ တကယ့်ကို အားလုံးကနေပြီး ယုံကြည်လေးစားနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ဖြစ်လာမှာပဲဖြစ်ပါတယ်။ အခုလို အချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များ ဆုံခွင့်ရတဲ့အခါမှာ တစ်ယောက်နဲ့ တစ်ယောက် အားပေးကြပါ။ ခင်ခင်မင်မင် ဆက်ဆံကြပါ။ တစ်ယောက်ရဲ့ အရည်အချင်း တိုးတက်အောင်လို့ နောက်တစ်ယောက်ကနေပြီး ကူညီပေးကြပါ။

**နိုင်ငံ့အကျိုးလုပ်နေတယ်ဆိုရင် ရပ်တည်ရဲတဲ့သတ္တိရှိရမယ်**

အတိုက်အခံပါတီများဆိုတာ တကယ်တော့ တိုက်ခိုက်ဖို့မဟုတ်ပါဘူး။ တစ်ဦးနဲ့ တစ်ဦးနဲ့ အရည်အချင်းမြင့်မားအောင် လုပ်ပေးဖို့ဖြစ်ပါတယ်။ ကိုယ့်မှာ အတိုက်အခံရှိမှ ကိုယ်နဲ့မတူကွဲပြားတဲ့ အမြင်ရှိတဲ့ အဖွဲ့အစည်းတွေရှိမှလည်း ကိုယ့်ရဲ့ အရည်အချင်းတွေဟာ ပိုပြီးတက်လာမှာပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ်နဲ့ မတူတဲ့အမြင်တွေရှိရင် ဒီအမြင်တွေဟာ မှန်သလား၊ ကိုယ့်အမြင်က မှန်သလား ဆိုတာ ကိုယ်က ချင့်ချိန်သုံးသပ်ရတော့မယ်။ အကယ်၍ ကိုယ့်အမြင်က မမှန်ဘူးဆိုရင် ပြောင်းရဲတဲ့ သတ္တိရှိရမယ်။ ကိုယ့်အမြင်က မှန်တယ်ဆိုရင်လည်း ရပ်တည်ရဲတဲ့ သတ္တိရှိရမယ်။ ဘယ်သူပဲ ဝေဖန် ဝေဖန်၊ ဘယ်သူပဲ တိုက်ခိုက်တိုက်ခိုက်၊ ကိုယ်တကယ်ပဲ မှန်မှန်ကန်ကန် နိုင်ငံ့အကျိုးအတွက် လုပ်နေတယ်ဆိုရင် ရပ်တည်ရဲတဲ့ သတ္တိရှိရပါလိမ့်မယ်။

ဒါပေမယ့် ကိုယ့်ရဲ့ရပ်တည်ချက်ဟာ တကယ်တော့ နိုင်ငံကိုအကျိုးမပြုဘူးဆိုရင်တော့ ပြောင်းလဲရဲတဲ့ သတ္တိရှိသလို ပြောင်းလဲတတ်တဲ့ ပညာလည်းရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့လွှတ်တော်ကိုယ်စားလှယ်များဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီး ကိုယ့်နိုင်ငံကို တန်ဖိုးထားပါ။ ကိုယ့်နိုင်ငံမှာ ဒီမိုကရေစီအမြစ် တကယ့်ကို ခိုင်ခိုင်မာမာ တွယ်သွားဖို့အတွက် ဒီမိုကရေစီပျိုးခင်းလေးကို စေတနာ၊ မေတ္တာ၊ ပညာ၊ သတ္တိ နဲ့ ပြုစုပျိုးထောင်ပေးကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ။



ကလေးများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# တောင်ငူမြို့ရှိ မိဘမဲ့နှင့် အမျိုးသမီးကလေးများကျောင်းသို့ ငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**တောင်ငူ ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှ၏ (၈၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အာဟာရဒါန ကုသိုလ်အဖြစ် သမာဓိမိသားစုက ယနေ့တွင် တောင်ငူမြို့ဇေယျာသီရိ မိဘမဲ့အမျိုးသမီးကလေးများ ပရဟိတဂေဟာရှိ ကျောင်းသူကလေး ၉၀ ကျော်တို့အား အာဟာရဒါနကုသိုလ်အဖြစ် ကျွေးမွေးလှူဒါန်းပြီး ကော်ဖီမစ်၊ အချိုရည်ဘူးများနှင့် ထောက်ပံ့အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ ဂေဟာတာဝန်ခံ ဆရာလေး ဒေါ်ကဥ္စနထေရီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါဂေဟာကို ၁၉၅၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ပညာဒါနအဖြစ် ထက်၊ လယ်၊ မူ နှင့် တက္ကသိုလ်ဝင်တန်းအဆင့်ထိ ပအိုဝ်း၊ ရှမ်း၊ ပလောင်၊ ကရင်၊ ကချင်၊ ချင်း၊ ဗမာ စသည့်တိုင်းရင်းသားပေါင်းစုံ မိဘမဲ့နှင့် ချို့တဲ့နွမ်းပါးမိန်းကလေးများအား ပညာသင်ကြားရေးနှင့် စားဝတ်နေရေးကိစ္စအဝဝကို တာဝန်ယူစောင့်ရှောက်လျက်ရှိကြောင်း သိရှိရသည်။ လှူဒါန်းလိုသူများအနေဖြင့် ဖုန်း- ၀၉ ၂၅၄ ၀၆၈ ၉၀၇ နှင့် ၀၉ ၄၂၈ ၁၁၃ ၉၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **၀၄၈**

# ကလေးဝမြို့၌ ၂၄ နာရီ အသုံးပြုနိုင်မည့် ဓာတ်အားခွဲရုံ ဖွင့်လှစ်မည်

**ကလေးဝ ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့တွင် ငွေကျပ် ၉၉၁၄ သန်းကုန်ကျခံ တည်ဆောက်ခဲ့သော ၂၄ နာရီလျှပ်စစ်မီးအသုံးပြုနိုင်မည့် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

အဆိုပါဓာတ်အားခွဲရုံမှ ဇန်နဝါရီ ၃၁ ရက်က လျှပ်စစ်ဓာတ်အား စတင်စမ်းသပ်လွှတ်ပေးလျက်ရှိပြီး ဓာတ်အားခွဲရုံ ဖွင့်လှစ်ပြီးပါက လက်ရှိအသုံးပြုလျက်ရှိသော ရပ်ကွက် သုံးခုနှင့် ကျေးရွာ သုံးရွာတို့ ၂၄ နာရီ လျှပ်စစ်မီးအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။ သတင်းစဉ်

❐ *ကျောဖုံးမှ*

တစ်ဖက်မှ အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက် အစရှိသည့် အထူးကုန်စည်များ၏ အခွန်နှုန်းထားများကို လျှော့ပေါ့ခွင့်ပြုနေပါက အိတ်ပေါက်နှင့် ဖားကောက်ရသကဲ့သို့ ဖြစ်နေ၍ ရန်းထွက်လာနိုင်မည်မဟုတ်ပါကြောင်း။

## အထူးကုန်စည်ခွန် နှုန်းထားများ လျှော့ပေါ့သတ်မှတ်ခြင်း၏ ကောင်းကျိုးဆိုးပြစ်များကို စနစ်တကျသုံးသပ်ပြီးမှသာ မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်သင့်

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို အထူးလိုလားပါက ကျန်းမာရေးထိခိုက်ပျက်စီးစေမည့် ဆောင်ရွက်ချက်များကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ချင့်ချိန်ရှောင်ရှားနိုင်ရန် အရေးကြီးပါကြောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် ဖော်ပြပါရှိသကဲ့သို့ အထူးကုန်စည်ခွန်နှုန်းထားများ လျှော့ပေါ့သတ်မှတ်ခြင်း၏ ကောင်းကျိုးဆိုးပြစ်များကို ကျယ်ကျယ်ပြန့် ပြန့် စနစ်တကျ ချင့်ချိန်သုံးသပ်ပြီးမှသာ မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းဆွေးနွေးသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို့က တံဆိပ်ခေါင်းခွန်နှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် အသိပညာဗဟုသုတနည်းပါးကြသည့်အပေါ် မသမာမှုမျိုးစုံဖြင့် တရားမဝင်စာချုပ်များနှင့် အဆောက်အဦ၊ မြေ၊ မော်တော်ယာဉ်စသည့် အရောင်းအဝယ်ပြုလုပ်ကြသည့်အတွက် နိုင်ငံတော်မှရသင့်သည့် တံဆိပ်ခေါင်းခွန်တန်ဖိုး အပြည့်အဝမရသည့် အပြင် ကုန်သွယ်ခွန်၊ ဝင်ငွေခွန်များလည်း အပြည့်အဝမရရှိသည်ကို တွေ့ရှိရပါကြောင်း၊ အများပြည်သူအနေဖြင့် တံဆိပ်ခေါင်းခွန်နှင့်စပ်လျဉ်း၍ အသိပညာတိုးတက်လာစေရေးနှင့် ဥပဒေနှင့်အညီ ပိုင်ဆိုင်ခွင့်များရရှိနိုင်ရေးအတွက် အခွန်အကောက်အပြည့်အဝရရှိနိုင်ရေးနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် တံဆိပ်ခေါင်းအမျိုးအစား၊ တန်ဖိုး၊ အသုံးပြုရမည့် နေရာ၊ ပြစ်မှုပြစ်ဒဏ်များဖော်ပြသည့် ကြော်ငြာ၊ လက်ကမ်းစာစောင်များကို အများပြည်သူမြင်သာသည့် နေရာများတွင် ဖြန့်ဝေမှုများ ပြုလုပ်ပေးနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးရှိလာမည်ဖြစ်ပါကြောင်း။

## အခွန်စည်းကြပ်ရာတွင် အခွန်ထမ်းဆောင်မှုမှ လွတ်ကင်းနေမှုရှိ မရှိ MIC မှ မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းများ စာရင်းနှင့် ချိန်ကိုက်စစ်ဆေးဖော်ထုတ်ရန် လိုအပ်မည်

အထူးကုန်စည်ခွန်များနှင့်ပတ်သက်၍ ဥပဒေအရ အထူးကုန်စည်အဖြစ် သတ်မှတ်ထားသည့် ကုန်စည်များ ထုတ်လုပ်၊ ရောင်းချမှုများအပေါ် အခွန်အမှတ်တံဆိပ်ပြည့်ပြည့်ဝဝကပ်နိုင်စေရန်အတွက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု၊ စားသောက်ဆိုင်နှင့် တည်းခိုခန်းများကို အခါအားလျော်စွာ စစ်ဆေးဖော်ထုတ်မှုများ ထိထိရောက်ရောက်ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း၊ ဝင်ငွေခွန်ကောက်ခံမှုတွင် အခွန်ထမ်းကြီးများ၊ အလယ်အလတ် အခွန်ထမ်းကြီးများနှင့်ပတ်သက်၍ စာရင်းဇယား အထောက်အထားတင်ပြမှုအပေါ် အခွန်စည်းကြပ်ရာတွင် အခွန်ထမ်းဆောင်မှုမှ လွတ်ကင်းနေမှုရှိ မရှိ MIC မှ မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းများစာရင်းနှင့် ချိန်ကိုက်စစ်ဆေးဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စာရင်းဇယားမပြုနိုင်သည့် အောက်ခြေမှ အခွန်ထမ်းဆောင်ရမည့် ပြည်သူအများစုနှင့် ပတ်သက်၍ အခွန်ယဉ်ကျေးမှုတိုးတက်လာရန် အသိပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် အခွန်ကောက်ခံမှုစနစ်ပုံစံပြောင်းလဲဆောင်ရွက်သင့်လျှင် ပြောင်းလဲဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် အခွန်အကောက်ရငွေ လျာထားချက်များသတ်မှတ်ရာတွင် ယခင်ဘဏ္ဍာရေးနှစ်အတွင်းအလားတူကာလအတွက် အမှန်ကောက်ခံရရှိခဲ့သော အခွန်အကောက်ပမာဏပေါ်တွင် အခြေခံလျက် ပြည်ထောင်စု၏ မူဝါဒပြောင်းလဲချက်များကို ထည့်သွင်းစဉ်းစားပြီး သတ်မှတ်သင့်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြည်ထောင်စု၏ အခွန်ငွေစာရင်းချုပ်အရ ပြည်ထောင်စု၏ အခွန်ကောက်ခံရရှိငွေသည် မူလခန့်မှန်းခြေ၏ ၁၂၂ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်ရာ လျာထားချက်ကို ကျော်လွန်အောင်မြင်သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စု၏ အခွန်စည်းကြပ်ရရှိမှုအခြေအနေကို ဝန်ကြီးဌာနအလိုက် ခွဲခြားလေ့လာသောအခါတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့သည် မူလခန့်မှန်းခြေထက် ကျော်လွန်၍ အခွန်စည်းကြပ်နိုင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့သည် မူလခန့်မှန်းခြေလျာထားချက်ကို ပြည့်မီအောင် အခွန်အကောက်များ စည်းကြပ်နိုင်ခဲ့ခြင်းမရှိကြောင်းကို တွေ့ရှိရပါကြောင်း။

ယစ်မျိုးခွန်တွင် မြို့နယ်များမှ အခွန်ခန့်မှန်းခြေစာရင်း ရေးဆွဲတင်ပြရာ၌ အမှန်တကယ်ကောက်ခံရမည့်ငွေထက် ပိုမိုခန့်မှန်းလျာထားခဲ့ခြင်းကြောင့် ရည်မှန်းချက်မပြည့်မီရခြင်းဟု ဖော်ပြထားပါကြောင်း၊ အဆိုပါ အချက်ကိုကြည့်ပါက အောက်ခြေရုံးက ခန့်မှန်းခြင်းကို အထက်ရုံးအသီးသီးက တာဝန်ရှိသူအသီးသီး၏ ပေါ့လျော့မှုကြောင့် အခွန်ရငွေလျာထားချက် မှားယွင်းသွားခြင်းဖြစ်သည့်အတွက် ထိုကဲ့သို့ဖြစ်ရပ်မျိုးမဖြစ်ရအောင် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြုပြင်ဆောင်ရွက်သွားရန် အကြံပြုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## အခွန်ယဉ်ကျေးမှု ထွန်းကားလာစေရန်အတွက် လက်ရှိကျင့်သုံးနေသောအခွန်စနစ်ကို အမြန်ဆုံးပြောင်းလဲနိုင်ရန် လိုအပ်

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက မိမိတို့နိုင်ငံတွင် အခွန်စနစ်ကောင်းမွန်ရန်နှင့် အခွန်ယဉ်ကျေးမှု ထွန်းကားလာစေရန်အတွက် လက်ရှိကျင့်သုံးနေသောအခွန်စနစ်ကို အမြန်ဆုံးပြောင်းလဲနိုင်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအခွန်စနစ်၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအခွန်စနစ်၏ အားနည်းချက်များမှာ အခွန်စီမံခန့်ခွဲရာတွင် စွမ်းဆောင်ရည်နိမ့်ကျခြင်း၊ အခွန်ထမ်းများ၏ လိုက်နာမှုအားနည်းခြင်း၊ အခွန်ဆိုင်ရာ မူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ခေတ်မမီခြင်း၊ ရှင်းလင်းပြတ်သားမှု မရှိခြင်းတို့ဖြစ်ပါကြောင်း၊ ယင်းအားနည်းချက်များကြောင့် အဂတိလိုက်စားမှုများရှိနေခြင်း၊ အခွန်နှင့် ဂျီဒီပီအချိုး နိမ့်ကျနေခြင်းတို့ ဖြစ်ပေါ် နေပါကြောင်း။

အခွန်စနစ်ပြုပြင်ပြောင်းလဲသည့်နေရာတွင် မဟာဗျူဟာ၊ နည်းဗျူဟာ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်ပန်းတိုင်များကို စနစ်တကျချမှတ်ဆောင်ရွက်ရန် လိုပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အခွန်စနစ်အမြန်ဆုံး ကောင်းမွန်လာစေရေးနှင့် အခွန်ယဉ်ကျေးမှုပိုမိုကောင်းမွန်လာစေရေး ကြိုးစားဆောင်ရွက်နိုင်ပါရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်လန်ဖူးမြို့ရှိ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့သို့ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်လန်ဖူးမြို့ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက ခေါင်လန်ဖူးဒေသဆိုင်ရာ အချက်အလက်များ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေများနှင့် ဒေသလိုအပ်ချက်များအား လည်းကောင်း၊ ရပ်မိရပ်ဖတစ်ဦးက ခေါင်လန်းဖူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား လည်းကောင်း တင်ပြကြသည်။

**ခေါင်လန်ဖူးမြို့ တိုးတက်ရေး**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခေါင်လန်ဖူးမြို့ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသခံများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် မြေပေါ်မြေအောက် သယံဇာတများအား ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးကို ထိခိုက်နှောင့်နှေးစေသည့် မူးယစ်ဆေးဝါးပြဿနာများကိုလည်း ဒေသတွင်း လုံးဝအဝင်မခံရန်လိုကြောင်း၊ စီးပွားရေးအတွက် ဒေသတွင်းဆန်ဖူလုံရေး၊ ဒေသနှင့်ကိုက်ညီသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များထုတ်လုပ်နိုင်ရေး မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသခံတိုင်းရင်းသားများ အတွက် ဒံပေါက်များနှင့် ခေါက်ဆွဲကြော်ဘူးများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက ကြက်ဥ၊ ခေါက်ဆွဲခြောက် စသည့် စားသောက်ဖွယ်ရာများနှင့် MEC Tel တယ်လီဖုန်းဟန်းဆက်များနှင့် တယ်လီဖုန်းကတ်များကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေါင်လန်ဖူးမြို့ရှိ ဒေသခံပြည်သူများ သက်သာချောင်ချိရေးအတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဖွင့်လှစ်ထားသည့် သက်သာချောင်ချိရေးအရောင်းဆိုင်အား ကြည့်ရှုစစ်ဆေးပြီး ကောမလဝန္နာစေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မဂွေဇ-ခေါင်လန်ဖူးလမ်းဖောက်လုပ်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး IDLO မှ ဌာနေညွှန်ကြားရေးမှူး Ms. MorganeLandel နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် IDLO မှ ဌာနေညွှန်ကြားရေးမှူးဖြစ်သူ Ms. MorganeLandel နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် IDLO တို့အကြား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊ ဥပဒေအသိပညာပေးရေးလုပ်ငန်းများတွင် ဥပဒေရုံးများအပါအဝင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေး၊ UNDP နှင့် IDLO ဖွင့်လှစ်ထားသည့် တရားဥပဒေစိုးမိုးရေးစင်တာများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မြစ်ကြီးနား မြို့တို့အပြင် မိုးကုတ်၊ ပြင်ဦးလွင်၊ ကျိုင်းတုံ၊ ဗန်းမော်မြို့နယ်များ၌ ဥပဒေ အသိပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးစင်တာများ ၏ လုပ်ငန်းများကို ပြန်လည်သုံးသပ်ခြင်းနှင့် ဒေသခံပြည်သူများ၏လိုအပ်ချက် နှင့်ကိုက်ညီမည့် အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရေး၊ ၂၀၁၉ ခုနှစ်မှ စတင်မည့် စီမံကိန်းလုပ်ငန်း ဒုတိယအဆင့်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး IDLO မှ ဌာနေညွှန်ကြားရေးမှူးဖြစ်သူ Ms. MorganeLandel နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးစေရန် တိုက်ရိုက်လေကြောင်းပျံသန်းနိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်းတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်းတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အစည်းအဝေးတွင် မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းပျံသန်းမှု ပြုလုပ်နိုင်ရေးနှင့် ပုဂံ-အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုဒေသများအကြား ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်ခြင်း(၆၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အခမ်းအနားများ ပူးတွဲကျင်းပရေး၊ နှစ်ဖက်ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ပညာရေး၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးအစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာ၌ ပိုမိုပူးပေါင်း ဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မစ္စတာ ပရတ်ဆုတ်ခွန်းတို့သည် ဒုတိယအကြိမ်မြောက် မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပရတ်ဆုတ်ခွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ Mount Pleasant ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်းသည် ဇန်နဝါရီ ၃၁ ရက်တွင် နေပြည်တော်သို့ရောက်ရှိခဲ့ပြီး ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

## အခြေခံရေကြောင်းပညာ(အရာရှိ)သင်တန်းဆင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တပ်မတော်(ရေ)၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်(သန်လျင်) ရှိ မေယုစစ်သင်္ဘောရှေ့ မြက်ခင်းပြင်တွင် ရေကြောင်းရဲတပ်ဖွဲ့မှ သင်တန်းသားအရာရှိ ၁၁ ဦး၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှ သင်တန်းသားအရာရှိ ၁၉ ဦး၊ စုစုပေါင်း သင်တန်းသားအရာရှိ ၃၀ ဖြင့် အခြေခံရေကြောင်းပညာ(အရာရှိ)သင်တန်း အမှတ်စဉ် (၁/၂၀၁၈)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ တပ်မတော်(ရေ)၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ဌေးနိုင်နှင့် အရာရှိစစ်သည်များ၊ ရေကြောင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် နေမိုးသက်နှင့် အရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိများတက်ရောက်ခဲ့ပြီး ရေတပ်လေ့ကျင့်ရေး ဌာနချုပ်မှူး ဗိုလ်ချုပ်ဌေးနိုင်က သင်တန်းဆင်းအမှာစကားပြောကြား၍ အကောင်းဆုံး ကျောင်းသားဆုရ ကျောင်းသားအမှတ်(၃) ရဲအုပ်၏ကြည်စိုးအား ဆုချီးမြှင့်ပြီး သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်သူများနှင့် နိုင်ငံတော်၏လိုအပ်ချက်များနှင့်ကိုက်ညီပြီး အကျိုးဖြစ်ထွန်းစေမည့် e-Government လုပ်ငန်းစဉ်များ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁

**e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂)တွင် ပြုလုပ်ရာ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။**




ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**ပြည်သူကို ဝန်ဆောင်မှုများ ပေးနိုင်ရန်**

ကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေးကို ၂၀၁၈ ခုနှစ် မေ ၉ ရက်တွင် ကျင်းပခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် e-Government ဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုများ ပေးနိုင်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားလာစေရန်၊ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့်အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သောဥပဒေ၊ မူဘောင်၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံနှုန်းသတ်မှတ်ချက်များကို အချိန်ကိုက်ရေးဆွဲပြဋ္ဌာန်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များကို ဖော်ထုတ်ဆောင်ရွက်ရာတွင် Myanmar e-Governance Master Plan တွင် ပါရှိသော လုပ်ငန်းစဉ်များအပြင် ခေတ်ကာလနှင့် လျော်ညီမည့် အမှန်တကယ်လိုအပ်ချက်ဖြစ်သည့် လုပ်ငန်းစဉ်များကိုလည်း စိစစ်ပြီးနောက် ရန်ပုံငွေသုံးစွဲမှုပုံစံများနှင့်အတူ ဦးဆောင်ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်ဖြစ်ပြီး လက်တွေ့ကျကျ ထိရောက်စေမည့် Action Plan များ ဖြစ်ရန်လည်း လိုအပ်ကြောင်း၊ e-Government Survey ကောက်ယူခဲ့သည့်စစ်တမ်းမှ တွေ့ရှိသုံးသပ်ချက်များကိုလည်း တင်ပြပေးစေလိုကြောင်း။

**စနစ်တကျပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့ပြင် အစိုးရဌာနများ လက်ရှိအသုံးပြုနေသည့် Government Service Network ကို အရည်အသွေးနှင့် လုံခြုံမှုပိုမိုကောင်းမွန်ရန် မည်ကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုသည့် အစီအမံများကိုလည်း တင်ပြပေးစေလိုကြောင်း၊ Sub Committee များကလည်း လုပ်ငန်းတိုးတက်မှုနှင့် လိုအပ်ချက်များကို သမားရိုးကျမဟုတ်ဘဲ e-Government ဖြစ်ရန် အမှန်တကယ် လိုအပ်သည်များကို ဦးစားပေးဆွေးနွေးပေးရန်နှင့် လုပ်ငန်းကော်မတီများအနေဖြင့် ပြည်သူများနှင့် နိုင်ငံတော်၏ အမှန်တကယ်လိုအပ်ချက်များနှင့် ကိုက်ညီပြီး အကျိုးဖြစ်ထွန်းစေမည့် e-Government လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စနစ်တကျ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ပြောကြားသည်။

ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ် လုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ e-Government Readiness Assessment Survey ကို ကောက်ခံရာ၌ တချို့သော အစိုးရဌာနများမှ ပြန်လည်ပေးပို့ခဲ့ခြင်းမရှိကြောင်း၊ ပေးပို့လာသော အချက်အလက်များအပေါ် လေ့လာသုံးသပ်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**သတင်းအချက်အလက်များ ပေးနိုင်ရန်**

ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ Myanmar National Portal အား ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ပြည်သူလူထုသို့ သတင်းအချက်အလက်များ ပိုမိုပြည့်စုံစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ Data Center များအား သီးခြားစီ တည်ဆောက်အသုံးပြုကြမည့်အစား လက်ရှိ Data Center များအား အသုံးပြုသွားစေလိုပါကြောင်း၊ တူညီသော Platform တစ်ခုပေါ်တွင် စုစည်းအသုံးပြုသွားနိုင်ရေးအတွက် တည်ဆောက်သွားမည့် e-GIDC စီမံကိန်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် Cyber Law and Policy (ပထမမူကြမ်း)ကို ရေးဆွဲသွားနိုင်ရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လခန့်တွင် ပထမ(မူကြမ်း)ကို တင်ပြနိုင်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ Digital Literacy မြှင့်တင်ရေးလုပ်ငန်းများ၊ Connectivity များ ကောင်းမွန်လာရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် အမှန်တကယ် လိုအပ်ချက်ဖြစ်သည့် ရှေ့ဆက်ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များကိုဖော်ထုတ်၍ ဦးဆောင်ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့အတူ သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးက တင်ပြလာကြခြင်းများကို ဦးဆောင်ကော်မတီသို့တင်ပြပြီး ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ဆောင်ရွက်ပြီးစီးမှု အခြေအနေဆွေးနွေး**

အဆိုပါအစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆပ်ကော်မတီများ၏ အဖွဲ့ဝင်အချို့ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးကိစ္စရပ်များ၊ Unicode နိုင်ငံတကာစံ ISO 10646 အရ ဆောင်ရွက်ထားသော မြန်မာ Unicode စနစ်အကြောင်းနှင့် မြန်မာ Unicode စနစ်သို့ Migration ပြုလုပ်မည့်အစီအစဉ်များ၊ Radio Frequency ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ဝန်ကြီးဌာန၊ နိုင်ငံတော်အဖွဲ့အစည်းများအတွက် Domain Name နှင့် e-mail လိပ်စာများ သတ်မှတ်အသုံးပြုနိုင်ရေးနှင့် Cyber Law မူကြမ်းပြုစုရေးဆွဲခြင်း လုပ်ငန်းအထောက်အကူပြု ကော်မတီဖွဲ့စည်းရေးကိစ္စရပ်များအား အသီးသီး ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စားရိပ်သာ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို တွေ့ဆုံနှုတ်ဆက်သည်။

**(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရ ရှိရှိဖြင့် ကျင်းပသွားမည့် အစီအစဉ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌသည် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ခေတ္တတည်းခိုနေထိုင်သည့် တည်းခိုဆောင်များ၊ စားရိပ်သာ၊ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီရုံးခန်းများကို ကြည့်ရှုစစ်ဆေးသည်။

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများ အပြန်အလှန်ဖလှယ်နိုင်ရန် ရည်ရွယ်၍ ဖိတ်ကြားခြင်းဖြစ်ပြီး ယနေ့အထိ ကချင်ပြည်နယ်မှ ၆၃ဦး၊ ကယားပြည်နယ်မှ ၇၈ ဦး၊ ကရင်ပြည်နယ်မှ ၄၃ ဦး၊ ချင်းပြည်နယ်မှ ၄၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၃ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရှမ်းပြည်နယ်မှ ၇၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၂ ဦး စုစုပေါင်း ၄၄၆ ဦး ရောက်ရှိနေကြောင်း သိရသည်။

**ဟန်လင်းနိုင်၊ ဓာတ်ပုံ-ထန်းဖုန်**

# တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်အများအားဖြင့် သာယာမည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၃ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့ နောင်ချိုမြို့ ဟဲဟိုးမြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့ နမ့်စန်မြို့ ပင်လောင်းမြို့ လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၃၅ လက်မ ဖြစ်သည်။

**မိုး/ဇလ**

*** ကျောဖုံးမှ**

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အမှာစကားပြောကြားရာတွင် တရုတ်ပြည်သူများအတွက် အစဉ်အလာနှင့် ယဉ်ကျေးမှုအရ များစွာ အရေးကြီးပြီး အထူးအလေးထားသည့် နှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသော အခမ်းအနားကို တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ တရုတ်သံရုံးမှ သံတမန်များနှင့်ဝန်ထမ်းများ၊ သံတမန်များ၊ တရုတ်နွယ်ဖွား မြန်မာများနှင့် ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့်အတူ ပါဝင်ဆင်နွှဲခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်အမှတ်တရဖြစ်ရပါကြောင်း။

**ထုံးတမ်းအစဉ်အလာတစ်ရပ်ဖြစ်**

တရုတ်လူမျိုးများအနေဖြင့် ဒီလို မင်္ဂလာရှိလှသည့် နှစ်သစ်ကူးအခါသမယတွင် နယ်မြေရပ်ခြား၌ ခွဲခွာနေထိုင်လျက်ရှိသော မိသားစုဝင်များအားလုံး ပြန်လည်ဆုံတွေ့ကြကာ ညစာအတူတကွ သုံးဆောင်ကြသည့် ထုံးတမ်းအစဉ်အလာတစ်ရပ် ဖြစ်ပြီး တရုတ်လူမျိုးများအတွက် အလွန်အရေးကြီးသော အခမ်းအနားတစ်ခု ဖြစ်သည်ဟု မှတ်သားမိပါကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် တရုတ်နိုင်ငံသံအမတ်ကြီးအပါအဝင် အခြားသော ဧည့်သည်တော်များနှင့် ယနေ့ အခမ်းအနားကို တက်ရောက်ဆင်နွှဲခွင့်ရရှိခြင်းသည် မိတ်ဆွေဟောင်းများနှင့် ပျော်ရွှင်စွာ တွေ့ဆုံခွင့်ရသည်ဟု ခံစားမိရုံသာမက မြန်မာ- တရုတ် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအတွက်လည်း အားသစ်လောင်းပေးရာရောက်သည်ဟုလည်း ယုံကြည်မိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှည်လျားသော နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အိမ်နီးချင်းကောင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြားရှိ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ တစ်ဆင့် "ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး" ကို အခြေခံသော ပူးပေါင်းဆောင်ရွက်မှုများသည် ကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိရုံသာမက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ပူးပေါင်းဆောင်ရွက်မှုများမှာလည်း နက်ရှိုင်းစွာ တိုးတက်ဖွံ့ဖြိုးလျက်ရှိပါကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းတစ်လျှောက် ထူးခြားစွာ တိုးတက်မြင့်မားလျက်ရှိနေသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

**အလေးအနက်တန်ဖိုးထား**

ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမျက်နှာစာတွင် နားလည်မှုအပြည့်ဖြင့် ထောက်ခံရပ်တည်ပေးမှုများကို အလေးအနက် တန်ဖိုးထားရှိကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သော အကူအညီများ ပေးအပ်လျက်ရှိပြီး ပြည်သူများလူမှုဘဝတိုးတက်စေရေးအတွက် စီးပွားရေးနှင့် နည်းပညာ အကူအညီများ ပေးအပ်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီးလည်း အကူအညီများ ပေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

"ကမ္ဘာသူ ကမ္ဘာသားများ၏ ကံကြမ္မာသည် တစ်ခုတည်း"ဆိုသည့် မစ္စတာ ရှီကျင့်ဖျင်၏ မူဝါဒသည်လည်း မှတ်သားဖွယ်ဖြစ်ပါကြောင်း၊ အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး တူညီသည့်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်မှသာ တစ်ကမ္ဘာလုံးသည် တည်ငြိမ်အေးချမ်းနိုင်မည် ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Belt and Road Initiative စီမံကိန်းတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်လျက်ရှိပြီး စီမံကိန်းမူဘောင်အတွင်း နှစ်ဖက်ပြည်သူများ အတူတကွ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**အများဆုံး ရင်းနှီးမြှုပ်နှံထား**

နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ကြည့်လျှင်လည်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိနေပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန်လည်း နှစ်ဖက်ဆက်လက်ကြိုးပမ်းသွားရန် ဆန္ဒပြုလိုက်ပါကြောင်း။

၂၀၁၉ ခုနှစ်သည် တရုတ်ပြက္ခဒိန်အရ ဝက်နှစ်ဖြစ်သည်ဟု သိရှိရပါကြောင်း၊ ဝက်နှစ်ဖြစ်သည့်အတွက် ကံကောင်းမှု၊ ငွေကြေးကြွယ်ဝချမ်းသာမှု ဆိုသည့် ကောင်းမွန်သော လက္ခဏာများရှိသည်ဟု မှတ်သားမိပါကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ်အတွင်း နှစ်နိုင်ငံအကြားရှိ ပြည်သူများ ကံကောင်းမှုနှင့် ငွေကြေး ကြွယ်ဝချမ်းသာမှု၊ အောင်မြင်စေရန်အတွက် နှစ်နိုင်ငံပြည်သူအကြား အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် စိတ်ကောင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

**အောင်မြင်မှုများ ဆက်လက်ရရှိ**

ယခုလိုသာယာလှပသည့်ညနေခင်း တရုတ်နှစ်သစ်ကူး အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူများအားလုံး ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာ - တရုတ်နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ပိုမိုကျစ်လျစ်ခိုင်မာစေရန်အတွက်လည်းကောင်း၊ နှစ်ဖက်ပြည်သူများ၏ ငြိမ်းချမ်းရေး၊ ကံကောင်းမှု၊ ကြွယ်ဝချမ်းသာမှုနှင့် လူမှုဘဝ လုံခြုံရေး တိုးတက်ကောင်းမွန်စေရန် အတွက်လည်းကောင်း၊ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်မှု ရရှိစေရန်အတွက်လည်းကောင်း၊ ယခုအခမ်းအနားကို ကြွရောက်လာကြသည့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်အတွက် လည်းကောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် အဖွဲ့ဝင်များသည် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် မြန်မာ-တရုတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တံခါးဖွင့်မူဝါဒနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှု နှစ် ၄၀ ပြည့် ဓာတ်ပုံမှတ်တမ်း ပြပွဲဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကိုနှင့်အဖွဲ့ဝင်များသည် ပြပွဲတွင်ပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် ဇနီး မစ္စ ဝမ်ရှဲဟုန်တို့က တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**






ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် အဖွဲ့ဝင်များ တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် မြန်မာ-တရုတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

# အမြန်လမ်းပေါ်တွင် ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်လူနာတင်ယာဉ်စခန်းနှစ်ခု ထပ်မံဖွင့်လှစ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်လူနာတင်ယာဉ်စခန်းနှစ်ခုကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ထပ်မံဖွင့်လှစ်၍ ပြည်သူများအား ရှေးဦးပြုစုခြင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နှင့် အဆိုပါ ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်လူနာတင်ယာဉ် စခန်းနှစ်ခုကို အမြန်လမ်းမိုင်တိုင်အမှတ် ၃၉ နှင့် ၃၂၆ တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၁၁၅၊ ၂၀၂ နှင့် ၂၈၅ တို့တွင် ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်လူနာတင် ယာဉ်စခန်းများကို အောင်မြင်စွာ ဖွင့်လှစ်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ က"ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်မှာ ယာဉ်မတော်တဆမှု ဖြစ်ပွားတာတွေရှိတယ်။ အမြန်လမ်းမကြီးပေါ်မှာ ဖြစ်တဲ့အတွက် ဆေးရုံဆေးပေးခန်းတွေနဲ့ ဝေးတယ်။ အဲဒါကြောင့် ယာဉ်မတော်တဆမှု ဖြစ်ခဲ့ရင် အရင်ဆုံးရောက်ရှိပြီး ရှေးဦးပြုစုနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ဒီလို ရှေးဦးပြုစုပြီး အနီးဆုံးဆေးရုံ၊ ဆေးပေးခန်းကို ပို့ပေးမယ်။ အသင်းခွဲဖွင့်လှစ်ပြီးတဲ့ ၁၁၅ မိုင်မှာ အောင်မြင်ပါတယ်။ ဒါကြောင့် ရှေးဦးပြုစုခြင်းနှင့် အရေးပေါ်လူနာတင်ယာဉ်စခန်းတွေ ထပ်ဖွင့်လှစ်ပြီး ပြည်သူတွေအတွက် ဆောင်ရွက်ပေးတာပါ"ဟု ပြောကြားသည်။

ထပ်ဖွင့်မည့်စခန်းနှစ်ခုနှင့် ပတ်သက်၍လည်း "အခု ထပ်မံထားရှိမယ့် (၃၉) မိုင်နဲ့ (၃၂၆)မိုင် အတွက် အဆောက်အအုံတွေ ပြီးစီးသွားပါပြီ။ စင်ကာပူ ကြက်ခြေနီက လှူဒါန်းတာဖြစ်ပါတယ်။ ပြီးတော့ လူနာတင်ယာဉ်တွေလည်း လှူဒါန်းထားပါတယ်။ မိုင်အလိုက် သတ်မှတ်ဆောင်ရွက်တဲ့အခါ ၁၁၅ မိုင်နဲ့ ၃၉ မိုင်ကို ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီက ဆောင်ရွက်မှာဖြစ်ပါတယ်။ ၂၈၅ မိုင်နဲ့ ၃၂၆ မိုင်ကို မန္တလေးတိုင်းဒေသကြီးကြက်ခြေနီက ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ၂၀၂ မိုင်ကတော့ ဌာနချုပ်က တာဝန်ယူဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒါအပြင် တရုတ်ကြက်ခြေနီအသင်းက ထပ်လှူထားပါတယ်။ အဲဒါကတော့ ခုနစ်မိုင်မှာဆောက်ဖို့ စီစဉ်နေပါတယ်"ဟု အသင်းဥက္ကဋ္ဌက ဆက်ပြောသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို မြို့နယ် အသင်းခွဲ ၃၃၀၊ တက္ကသိုလ်/ကောလိပ်အသင်းခွဲ ၁၅၀၊ စေတနာရှင်အသင်းသား လေးသောင်းကျော်နှင့် ရာသက်ပန်အသင်းသား နှစ်သိန်းကျော်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**မွေးကြူဇင်(သတင်းစဉ်)**

# ရေဒီယိုခေတ်ရွှေဖြစ်ခဲ့သော သီချင်းများဂီတပွဲတော် အကြိုခံစားမှု

● ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

**ဖိုးစိန်လမ်းမှာရှိတဲ့ ဟာမိုနီစတူဒီယိုကို ကျွန်မရောက်တော့ ဂီတအဖွဲ့သားတွေ စုံစုံလင်လင် ရောက်နေကြပါပြီ။ ဖေဖော်ဝါရီလ ၃ ရက်နေ့ ညနေ အမျိုးသားဇာတ်ရုံမှာကျင်းပမယ့် ရေဒီယိုခေတ်ရွှေဖြစ်ခဲ့သော သီချင်းများ တေးဂီတဖျော်ဖြေပွဲအတွက် ကြိုတင်သီချင်းတိုက်ကြမှာ ဖြစ်ပါတယ်။**

ဒီပွဲကို ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)က ဦးစီးစီစဉ်တာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ဆရာမ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်ညိုညိုထွန်း၊ အတွင်းရေးမှူး ဦးစန်းလွင်တို့နဲ့ နာယကကြီးတွေက ကျွန်မနဲ့ မမဂျူးကို အကူအညီတောင်းပါတယ်။ ကျွန်မတို့က လည်း မြန်မာနိုင်ငံစာရေးဆရာ ဆရာဝန်အသင်း ရန်ပုံငွေပွဲနဲ့ အစ်မကြီး အေဝမ်းတင်တင်လှရဲ့ ရွှေရတုအလွန် ဂီတသံစဉ်ညပွဲနှစ်ခုကို စီစဉ်ခဲ့ဖူးလေတော့ လက်မှတ်သာမရောင်းခိုင်းပါနဲ့ ဆရာမတို့ရယ်၊ လိုအပ်တဲ့နေရာလေးတွေမှာ ကူညီပေးပါ့မယ်လို့ ကတိပေးမိတယ်။

တကယ်တော့ ကျွန်မကလည်း ဆေးရုံဆေးခန်းလူနာတွေ အလုပ်တွေများတယ်။ ဒီရက်မှာမှ မြောက်ဦးဆရာတော်ကြီးရဲ့ဇာတိမြေ မအီမြို့ကို မျက်စိအခမဲ့ခရီးစဉ် စီစဉ်နေရတယ်။ မမဂျူးကလည်း စာပေဟောပြောပွဲတွေက ဆက်တိုက်ဆိုတော့ ရသမျှအချိန်ကိုလုပြီး စီစဉ်ပေးကြရတယ်။ ဦးစန်းလွင်ကတော့ အဓိကပင်ပန်းသူ ဖြစ်တယ်။

**တာဝန်ခွဲယူအားထုတ်ခဲ့ကြ**

ဦးဌေးဝင်း (ငွေစံပယ်လှိုင်) ကလည်း တာဝန်တွေ ခွဲယူ၊ ဆရာမတို့နဲ့ ကိုမောင်မောင်မြတ်ရယ်၊ အလုပ်အမှုဆောင်တွေရယ် အားလုံးက လက်မှတ်တွေ ရောင်းကြရတယ်။ နာယကကြီးဦးကောင်းလည်း အေးအေးဆေးဆေးမနေရ၊ ဝင်ပါရတယ်။ သူရဦးဖုန်းစိန်ကလည်း အမျိုးသားဇာတ်ရုံကြီးမှာ ကျင်းပနိုင်ဖို့ စီစဉ်ပေးတယ်၊ ပွဲစမယ်ဆိုတော့ ဦးစိုးသန်းထွန်း-ဒေါ်ခင်မေသန်း(ပွင့်သစ်စမ်း) မိသားစုက ငွေကျပ် ၁၀ သိန်း မတည်ပေးတယ်၊ ကြိုတင်အစည်းအဝေးတွေလုပ်ကြတယ်၊ ရေနံချောင်းအသင်း(ရန်ကုန်)ဟာ ဒီပွဲအတွက် အတော်လေးအားထုတ်ခဲ့ကြပါတယ်။

ပွဲတစ်ခုစီစဉ်တဲ့အခါ အခက်အခဲတွေ လိုအပ်ချက်တွေ ရှိစမြဲပါ။ ကျွန်မတို့အနေနဲ့ ကိုယ့်ရဲ့အသက်မွေးဝမ်းကျောင်းအလုပ် အစစ်မဟုတ်လေတော့ လမ်းကြောင်းတွေက သိပ်မမှန်ဘူးလေ။ ပြီးကာမှ သြော်.. ဒါလေးကဖြင့် ဘယ်သူ့ကို အပ်လိုက်ရမှာပါလား၊ တော်ပါပြီ၊ နောက်ဆို ကိုယ်နဲ့မဆိုင်တာတွေ မလုပ်တော့ဘူးဆိုပြီး ကတိတွေ ခဏခဏ ပေးခဲ့ပေါင်းများပြီ ။ ဒါပေမယ့် အမူးပြေတော့ ထန်းပင်မော့ကြည့်တဲ့ ဥပမာလိုပါပဲ၊ ကြာတော့လည်း ပြောခဲ့တာတွေမေ့သွားပြီးလုပ်မိပြန်တယ်။ လက်မှတ်တော့ မရောင်းပါရစေနဲ့ ပြောထားခဲ့ပေမယ့် ပွဲနီးလာတော့မှ လက်မှတ်တွေကုန်ဖို့လိုလာတော့ ကိုယ်တိုင်ရောင်းပေးဖို့ ဖန်လာပြန်ရော။ ဒီတော့လည်း ကိုယ်နဲ့ရင်းနှီးတဲ့သူတွေဆီပြေးရပြီပေါ့။

လက်မှတ်တွေကို အမြဲအပြုံးနဲ့ ဆီးကြိုအားပေးခဲ့တဲ့ ကလေးဆေးရုံက ဒေါက်တာအောင်ထွန်းဦး(ဒုဆေးရုံအုပ်)ကိုတော့ အဓိကအားထားတယ်။ ပြီးမှ ဒပ်ဖရင်ဆေးရုံအုပ်ကြီး မမဒေါက်တာခင်ပြုံးကြည်၊ ပြီးရင် အနောက်ပိုင်းဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်ကလည်း ပင်တိုင်အားပေးသူဆိုတော့ ပြောစရာမရှိ။ ဒီထဲကမှ အရိုးဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆွေဆီ ဖုန်းဆက်ပေးတော့ လက်မှတ်တွေ အတော်ရောင်းလိုက်ရတယ်။ ဝယ်ယူအားပေးကြသူအားလုံးကို အထူးကျေးဇူးတင်မိပါတယ်။ အခုလိုအားပေးသူတွေဖြစ်လို့သာ အားမနာတမ်း ရောင်းရဲတာပါ။ လက်မှတ်ရောင်းတယ်၊ အလှူခံတယ်ဆိုတာ လွယ်တဲ့အလုပ်မှမဟုတ်ဘဲ၊ နောက်ဆုံးတော့ သိမ်ဖြူ၁၀၀ လမ်းမှာရှိတဲ့ ဘိုဘိုအင်တာတိမ်းမင့်က လက်မှတ်ရောင်းပေးမယ်ဆိုတော့မှ ကျွန်မနဲ့ မမဂျူးတို့ အသက်ရှူချောင်သွားတော့တယ်။

> ❖ **အနုပညာဆိုတဲ့ပိုးကလည်း အသက်အရွယ်အလုပ်အကိုင်တွေနဲ့မဆိုင်၊ ဝါသနာက အရင်းခံတယ်။ အနုပညာမျိုးစေ့ပိုင်ရှင်တွေဆိုတာ မိမိ စိုက်ပျိုးထားတဲ့ အနုပညာသစ်ပင်လေး ရှင်သန်ကြီးထွား ခက်လက်ဝေဖြာစေဖို့ တာဝန်ရှိတယ်။**

**အနုပညာသစ်ပင်ကြီး ရှင်သန်နိုင်ရေး**

အနုပညာဆိုတဲ့ပိုးကလည်း အသက်အရွယ်အလုပ်အကိုင်တွေနဲ့မဆိုင်၊ ဝါသနာက အရင်းခံတယ်။ အနုပညာမျိုးစေ့ပိုင်ရှင်တွေဆိုတာ မိမိ စိုက်ပျိုးထားတဲ့ အနုပညာသစ်ပင်လေး ရှင်သန်ကြီးထွားခက်လက်ဝေဖြာစေဖို့ တာဝန်ရှိတယ်။ သစ်တစ်ပင်စိုက်ပျိုးပြီးရင် ရေလောင်းပေါင်းသင် မြေတောင်မြှောက်၊ သြဇာမြေဆွေးကျွေးပေးနေရသလို အနုပညာသစ်ပင်အတွက်လည်း "ဆိုကရေးတီး" ဆိုတဲ့ အနုပညာအတတ်တွေကို ဆက်လက်ဖြည့်ဆည်းပေးနေမှသာ အရိပ်အာဝါသကောင်းတဲ့ အနုပညာသစ်ပင်ကြီးအဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

အခုလည်း ဒီပွဲလေးကို စီစဉ်မယ်ဆိုတော့ ရေနံသာဝင်းမောင်က ရေဒီယိုခေတ် ရွှေဖြစ်ခဲ့သော သီချင်းများ ဖျော်ဖြေပွဲလို့ ခေါင်းစဉ်ပေးခဲ့ပါတယ်။ ရေနံချောင်းမြို့နယ် အသင်းအနေနဲ့လည်း ရေနံချောင်းသား တေးရေးတေးဆို ဂန္ထဝင်အဆိုတော်၊ ဂီတပညာရှင်ကြီးသုံးဦး ကျန်းမာနေစဉ်မှာ ဂုဏ်ပြုချင်တယ်။ တကယ်လည်း ရေနံချောင်းမြို့ဂုဏ်ကိုဆောင်ရုံတင် မကဘူး၊ အနုပညာလောကကြီးရဲ့ ကြယ်ပွင့်အကြီးကြီးတွေလည်း ဖြစ်ခဲ့တယ်၊ လူတစ်ယောက်မရှိတော့မှ လွမ်းပြတမ်းတ၊ ဂုဏ်ပြုကြရတာထက် သက်ရှိထင်ရှား ကျန်းမာနေချိန်မှာ ဂုဏ်ပြုရတာက ပိုပြီး အနှစ်သာရရှိတယ်။

အခုဆို ဆရာ ရေနံသာစိုးလှိုင်က ၈၄ နှစ်ရှိခဲ့ပြီ။ ဦးတင်လှိုင်က ၈၁ နှစ်၊ ရေနံသာဝင်းမောင်က ၇၅ နှစ်။ ဒါပေမယ့် အနုပညာစိတ်တွေနဲ့ နေထိုင်နေကြသူတွေဆိုတော့ လူငယ်တွေနဲ့အပြိုင် ဆိုနိုင်နေသေးတယ်။ အသံတွေက နုပျိုနေကြသေးတယ်။ သီချင်းသံလေးတွေနဲ့ တက်ကြွနေကြသေးတယ်။ တကယ့်ကို လုပ်ပေးသင့်တဲ့ပွဲပါ။

**မြန်မာ့အသံမှာ ခတ်ပြားရ**

ဂီတကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ရေနံသာစိုးလှိုင်ဟာ ရှေးဟောင်းသံချိုသီချင်းများ ခေတ်ပေါ်သီချင်းများကို ဂီတနက်သန် ကိုစောငြိမ်း၊ ဂီတနက်သန် ဦးအုန်းလွင်တို့ထံမှာ သင်ယူခဲ့တယ်။ ၁၉၅၃ ခုနှစ်မှာ ပြေးနေတဲ့အချစ်သီချင်းကို ကိုယ်တိုင်ရေးသားသီဆိုခဲ့တယ်။ အသက် ၂၀ အရွယ်မှာ ဂီတနက်သန် ကိုစောငြိမ်းရဲ့ ဝိဇယသီချင်းနဲ့ မြန်မာ့အသံမှာ ရေဒီယိုခတ်ပြားရခဲ့တယ်။

စခန်းအောင်မြေ၊ ညွှန်းပါရစေ၊ ချစ်ရိပ်သွယ်၊ ညောင်ပင်သာရွာ၊ ပန်းလက်ဆောင်၊ သီချင်းတွေနဲ့လည်း ရေဒီယိုခတ်ပြားရခဲ့တယ်။ တောင်တန်းပြာနဲ့ကျောပိုးအိတ်၊ ချစ်ပြုံးနှင်းဆီ၊ ပွင့်ဦး၊ သစ္စာထားသခင်၊ သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်၊ သီချင်းတွေကဖြင့် ယနေ့ထက်တိုင်ကျော်ကြားနေဆဲဖြစ်တယ်။ သက်ကြံ့သီချင်းတွေဖြစ်တဲ့ ဟောတော့၊ ချမ်းပါတယ်၊ မြန်မာတွေချစ်တဲ့ သင်္ကြန်သီချင်းတွေက ယနေ့ခေတ် အဆိုတော်များစွာ လက်ဆင့်ကမ်းသီဆိုလို့မရိုးနိုင်ခဲ့ဘဲ နှစ်စဉ်သင်္ကြန်ကျတိုင်း မြူးမြူးကြွကြွကြားနေရမဲ့ ဖြစ်ပါတယ်။

ငွေနှောင်းရက်ကျန်၊ ငွေဝန်းသော်တာ၊ မြနန္ဒီ၊ ကိုယ်အလှဘဝငွေလမင်း၊ လမင်း ငိုအောင်လှတဲ့သူ၊ ဆောင်းညဥ့်၊ လွမ်းတေးမဆုံးစေနှင့် စောသခင်၊ မေတ္တာဝက်ပါခရီးလမ်း စတဲ့တေးသီချင်းပေါင်း ၂၀၀ ကျော် ရေးသားသီဆိုခဲ့သူဖြစ်ပါတယ်။

အဆိုတော်ကြီး ကိုတင်လှိုင်ဆိုရင် တစ်ခေတ်တစ်ခါက အလွမ်းသီချင်းတွေ ၊ အလွမ်းတေးစီးရီးတွေနဲ့နာမည်ကျော်ကြားခဲ့တယ်။ ဘကြီးအောင်ညာတယ်၊ ယောကျ်ားမှာလည်း အသည်းနဲ့ပါ၊ အမုန်းခွန်အားပေးသနားပါ၊ ရွာရန်ရာနှုန်း ၈၀၊ စိန်ပန်းပြာနဲ့ဝေးသူရေ၊ ပန်းနဲ့ပေါက်တာလည်း နာချင်တယ်၊ သံသရာဆုတောင်း၊ ချစ်သူတိုင်းလည်းညားကြပါစေ၊ ချစ်သူကိုယ့်ထံမရောက်လာပါလား၊ အချစ်ဦးသို့ ရွှေနားတော်သွင်းချင်း၊ မပြောတော့ဘူး စတဲ့တေးသီချင်းများနဲ့ မောင်မုန်းရက်ရင် မုန်းလိုက်ပါကိုတော့ ကိုယ်တိုင် ရေးသားသီဆိုခဲ့ပါတယ်။ မြောက်မြားလှစွာသော အလွမ်းသီချင်းပေါင်း ၂၀၀ ကျော်က သောတရှင်တွေရဲ့ အသည်းစွဲဖြစ်ခဲ့ပါတယ်။ ခေတ်စကားနဲ့ပြောရရင် ဆိုတဲ့သီချင်းတိုင်းပေါက်ခဲ့တယ်။ နားဆင်မိသူတိုင်း လွမ်းရိပ်တွေဆင်၊ လွမ်းမိုးတွေရွာ၊ အလွမ်းကမ္ဘာတောမှာ၊ လွမ်းမောလှိုက်ဖြာစေခဲ့သူ၊ တေးပလ္လင်မှ အဆွေးဘုရင်ဘွဲ့ကို ရရှိခဲ့သူ ဖြစ်ပါတယ်။

ဆရာရေနံသာဝင်းမောင်ကတော့ သီချင်းလည်းဆို၊ သီချင်းလည်းရေးသလို စာလည်းရေးသား တဲ့သူဖြစ်ပါတယ်။ မကြာခင်မှာ လုံးချင်းစာအုပ်ဖြစ်တဲ့ ပုဂံချစ်သူ စာအုပ်ထွက်ရှိတော့မှာဖြစ်ပါတယ်။

**သီချင်းများကိုယ်တိုင်ရေးစပ်**

ပထမဦးစွာ သူပို့သသော မေတ္တာကြောင့်နဲ့ ဝိုင်းဝိုင်းလည် အငြိမ့်သီချင်းများ စတင်ရေးသားခဲ့ရာ မြန်မာ့အသံမှာ ခတ်ပြားရရှိခဲ့ပါတယ်။ ထင်ရှားကျော်ကြားတဲ့ သီချင်းပေါင်းများစွာရှိတဲ့ အနက်က ရွှေတိဂုံကိုမြင်လျှင်၊ မြန်မာပြည်သား၊ နေမဝင်အချစ်၊ မိဂဒါဝုန်၊ မချစ်စု၊ မလိခချစ်သူစကား၊ သီချင်းတွေနဲ့ ခတ်ပြားရရှိခဲ့ပြီး သောတရှင်အကြိုက် တေးသီချင်းများဖြစ်ခဲ့ပါတယ်။ စာမလာသတင်းမကြား၊ မျက်စိလည်သွားပြီ၊ မောင့်တိုင်းပြည်သီချင်းတွေကိုတော့ ကိုယ်တိုင်ရေးစပ်သီဆိုခဲ့ပါတယ်။

ဒီဂီတပွဲတော်ကြီးမှာတော့ ရေနံသာကြယ်ပွင့်သုံးဦးနဲ့အတူ ယနေ့နိုင်ငံကျော် အဆိုတော်တွေက သီဆိုကြမယ်၊ သက်ကြံ့အကအလှတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေကြမယ်။

ကျွန်မကဖြင့် အနုပညာရှင်အားလုံးကို လေးစားတယ်၊ တန်ဖိုးထားတယ်၊ အားကျတယ်။ ပါရမီရှိမှ အဆိုတော်ကောင်းဖြစ်တာလို့ ခံယူတယ်။ လူတိုင်းသီချင်းဆိုလို့ရတယ်၊ ဆိုခွင့်ရှိတယ်၊ ဒါပေမယ့် ပါရမီရှိသူမှသာ ပိုမိုအောင်မြင်၊ ရေရှည်တည်တံ့နိုင်တယ်၊ ကိုယ့်ရဲ့အသံကြောင့် နားဆင်သူတွေကို ပျော်ရွှင်မှုရသကို ပေးစွမ်းနိုင်တဲ့ သမ္မာအာဇီဝအလုပ်ကိုလည်း ပိုင်ဆိုင်ထားသူတွေမို့ ကုသိုလ်ထူးတယ်လို့မြင်တယ်။

ဒီလိုပွဲတွေပေါ်လာတာ ကျေနပ်မိတယ်။ တကယ်တော့ အင်မတန်ကိုတန်ဖိုးရှိတဲ့ အနုပညာရှင်ကြီးတွေ၊ သက်ရှိထင်ရှားရှိသူတွေ အများကြီးရှိနေပါသေးတယ်။ သူတို့အတွက် ဒီလိုပွဲတွေ စီစဉ်ပေးစေချင်မိပါတယ်။ ဒါဟာမျိုးဆက်သစ်လူငယ်အနုပညာရှင်တွေဆီ လက်ဆင့်ကမ်းပေးတဲ့ပွဲဆိုလည်း မမှားပါဘူး။ တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့တဲ့ ရေဒီယိုသီချင်းတွေရဲ့ကောင်းခြင်းတွေကို ယနေ့လူငယ်တွေ ခံစားနားဆင်စေချင်တယ်။ မြန်မာ့ဂီတကို ချစ်တတ်စေချင်တယ်။ ဒီလို ရေဒီယိုခေတ်က သီချင်းတွေကို သူတို့လေးတွေ နှစ်သက်တဲ့၊ လက်ခံတဲ့အဆိုတော်တွေနဲ့ ဆိုပြလိုက်တဲ့အခါ သူတို့ရင်ထဲလွယ်လွယ်ရောက်သွားနိုင်မယ်။

**အနုပညာက စိတ်ကိုငြိမ်းအေးစေ**

အနုပညာဆိုတာ လူတွေရဲ့နှလုံးသားကို နူးညံ့ပျော့ပျောင်းစေတယ်။ ကရုဏာစိတ်၊ မေတ္တာစိတ်ကိုပွားစေတယ်။ ပူလောင်နေတဲ့စိတ်ကို တဒင်္ဂငြိမ်းအေးစေတယ်။

ကျွန်မ ယုံကြည်မိတယ်၊ အနုပညာရှင်ဆိုတာ ခန္ဓာနဲ့ အသက်တည်မြဲနေသရွေ့ ဘယ်တော့မှ ရပ်တန့်နေမှာ မဟုတ်ဘူးဆိုတာကိုပါ။ ဒီတော့လည်း တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့တဲ့ ရေနံချောင်းမြို့ရဲ့ ဂန္ထဝင်အနုပညာရှင်ကြယ်ပွင့်သုံးဦးကို ဂုဏ်ပြုတင်ဆက်မယ့် ရေဒီယိုခေတ်ရွှေဖြစ်ခဲ့သောသီချင်းများ ဖျော်ဖြေပွဲ ဂီတညလေးကို ကြိုတင်ခံစားမိရင်း စည်ကားသိုက်မြိုက် ခမ်းနားအောင်မြင်ပါစေကြောင်း ဆုမွန်တောင်း လိုက်ရပါတော့တယ်။ ။

---

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တူရကီနိုင်ငံထုတ် မီနီဘတ်စ်ယာဉ်တစ်စီးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီက လူ ၁၅ ဦး စီးနင်းနိုင်သော မီနီဘတ်စ်ယာဉ်တစ်စီးအားလှူဒါန်းရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှခ်ဦးတွင် လက်ခံခဲ့သည်။

GAMT Co.,Ltd မှ HYUNDAI H350 အမျိုးအစား Modern (2017)တူရကီနိုင်ငံထုတ် လူ ၁၅ ဦး စီးနင်းနိုင်သော မီနီဘတ်စ်ဒေါ်လာ ငါးသောင်းကျော်တန်ဖိုးရှိ ယာဉ်အား ပထမဆုံးအကြိမ်အဖြစ် လှူဒါန်းခြင်းဖြစ်သည်။



"ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ တာဝန်ရှိသူတွေ သွားလာရေး အဆင်ပြေအောင်နဲ့ တစ်စုတစ်ဝေးတည်း သွားလာနိုင်အောင် တူရကီနိုင်ငံထုတ် ၁၅ ဦးစီး မီနီဘတ်စ်ယာဉ်ကို လှူဒါန်းတာပါ"ဟု GAMA Co.,Ltd ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဦးဝေယံပိုင်က ပြောသည်။

အဆိုပါ ယာဉ်လှူဒါန်းမှုအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်ဌေးတို့က လက်ခံခဲ့သည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

---

## နတ်တောင်ကျေးရွာ မူလတန်းလွန်ကျောင်း၌ နွားနို့နှင့်ကြက်ဥ အာဟာရများတိုက်ကျွေး

**ရေတာရှည် ဖေဖော်ဝါရီ ၁**

အနာဂတ်လူငယ်များ ဉာဏ်ရည်မြင့်မားတိုးတက်၍ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ဉာဏ်ရည်ထက်မြက်သော မျိုးဆက်သစ် အင်အားစုများရရှိစေရန် ရည်ရွယ်လျက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာကြည်လင်နှင့် ဝန်ထမ်းများဦးဆောင်၍ နွားနို့နှင့်ကြက်ဥ အာဟာရများကို နတ်တောင်ကျေးရွာအုပ်စု နတ်တောင်ကျေးရွာမူလတန်းလွန်ကျောင်း၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်ကို အာဟာရများတိုက်ကျွေးခဲ့ကြောင်း သိရသည်။ အာဟာရတိုက်ကျွေးခြင်း အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ နန္ဒာညီဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ပြီး နွားနို့နှင့်ကြက်ဥများအား စုပေါင်းတိုက်ကျွေးခဲ့ကြောင်း သိရသည်။



**ကိုလွင်(ဆွာ)**

## အငြိမ်းစားဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်လစာများအတွက် တိုးမြှင့်ပင်စင်ငွေပေးမိန့်များ စိစစ်တွက်ချက်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ နေ့စဉ်ပေးပို့လျက်ရှိ

**နေပြည်တော်　ဖေဖော်ဝါရီ　၁**

နိုင်ငံတော်အစိုးရသည် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပင်စင်လစာမှစတင်၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီးဖြစ်ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနအနေဖြင့် ပင်စင်စားတစ်ဦးချင်းစီအတွက် တိုးမြှင့်ပင်စင်ငွေပေးမိန့်များ စိစစ်တွက်ချက်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးသို့ နေ့စဉ်ပေးပို့လျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်လစာများ ဆောလျင်စွာခံစားရရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပင်စင်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့် မြို့ပြပင်စင်စားများနှင့် နိုင်ငံရေးပင်စင်စားများအတွက် ၃၁-၁-၂၀၁၉ ရက်နေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးမြှင့်ပင်စင်ငွေပေးမိန့်ထုတ်ပြန်ပြီးစီးသည့် ဦးရေမှာ-

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပြီးစီးဦးရေ |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ၃၈၀၈ |
| ၂ | ကယားပြည်နယ် | ၂၀၆၆ |
| ၃ | ကရင်ပြည်နယ် | ၃၈၅၁ |
| ၄ | ချင်းပြည်နယ် | ၂၄၅၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀၆၅၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅၁၆၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၂၂၄၀၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂၀၇၁၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၄၂၄၁ |
| ၁၀ | မွန်ပြည်နယ် | ၈၅၅၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၉၇၃၉ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၆၂၂၉၂ |
| ၁၃ | ရှမ်းပြည်နယ် | ၁၂၂၀၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၉၁၅ |
| ၁၅ | နေပြည်တော်ကောင်စီ | ၆၄၀၉ |
| | **စုစုပေါင်း** | **၂၀၂၄၆၆** |

ပင်စင်ဦးစီးဌာနသည် ငွေပေးမိန့်များ စိစစ်တွက်ချက်ထုတ်ပြန်ရာတွင် ကိုယ်တိုင်ပင်စင်စား၊ ဇနီး / ခင်ပွန်း မိသားစုပင်စင်စား၊ အခြားမိသားစုပင်စင်စားနှင့် တစ်လုံးတည်းပင်စင်လဲလှယ်ထားသည့်ပင်စင်စား စသည်ဖြင့် အစီအစဉ်အတိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ ဤသို့တွက်ချက်ထုတ်ပြန်ရာ၌ ပင်စင်စားများ၏ ပင်စင်အမျိုးအစားများ တွက်ချက်ရာတွင် လိုအပ်သည့် နောက်ဆုံးထုတ်လစာအပါအဝင် အချို့အချက်အလက်များမပြည့်စုံသဖြင့် ခက်ခဲကြန့်ကြာမှုများရှိနေကြောင်း သိရှိရသည်။

နေ့စဉ်ငွေပေးမိန့် ထုတ်ပြန်ပြီးစီးသည့် စာရင်းများကို သက်ဆိုင်ရာ ဘဏ်ခွဲအသီးသီးသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ပြီး ပေးပို့ပြီးသည့်စာရင်းများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန Website ဖြစ်သော www.mopf.gov.mm နှင့် Pension Department Web Page တို့တွင် နေ့စဉ် Update ပြုလုပ်နေသဖြင့် ကြည့်ရှုနိုင်ပြီး မိဘပြည်သူ ပင်စင်စားများအနေဖြင့် စိတ်ပူပင်ကြောင့်ကြမှုမဖြစ်ဘဲ မိမိတို့ပင်စင်လစာထုတ်ယူသည့်အချိန်တွင် ဇန်နဝါရီလ ပင်စင်လစာမှစ၍ တိုးမြှင့်ပင်စင်ခံစားရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး မီးလောင်ဒဏ်ရာများအား အခမဲ့ခွဲစိတ် ကုသပေးမည်

**ဘားအံ　ဖေဖော်ဝါရီ　၁**

ဂျာမန် ဆရာဝန်ကြီးများဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ မီးလောင်ဒဏ်ရာများအား ဖေဖော်ဝါရီ ၁၆ ရက် မှ ၂၈ ရက် အထိ အခမဲ့ခွဲစိတ်ကုသမှုကို ဘားအံပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်မည်ဖြစ်ရာ လူနာများ လာရောက်ပြသနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## ရန်ကုန်မြို့၌ ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှုပြုလုပ်မည်

**ရန်ကုန်　ဖေဖော်ဝါရီ　၁**

ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်အဖြစ် ဒါရိုက်တာ Kim-Ki-Duk ၏ Spring, Summer, Autumn, Winter and Spring အား ဖေဖော်ဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်ကြမည်ဖြစ်သည်။

ထိုသို့ လေ့လာခြင်းကို Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုအဖြစ် (၁၀) ကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ စီမံခန့်ခွဲရေး အဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နမ့်ခမ်း-ဗန်းမော်ကားလမ်းပေါ်ရှိ နမ့်မချောင်းကူးတံတား ကျိုးကျပျက်စီးမှု ပြုပြင်ပြီးစီး

**နမ့်ခမ်း　ဖေဖော်ဝါရီ　၁**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ကွန်လုံကျေးရွာအနီး နမ့်ခမ်း-ဗန်းမော်ကားလမ်း နမ့်မချောင်းကူး ဘေလီသံပေါင် ပျဉ်ခင်းတံတားသည် ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခန့်က ယာဉ်ဖြတ်သန်းစဉ် တံတားထိပ်သံပေါင်ကျိုးကျခဲ့သဖြင့် ကုန်တင်ယာဉ်များ နမ့်မချောင်းအတွင်း ကွေ့ပတ်၍ ဖြတ်သန်းမောင်းနှင် သွားလာကြရသည်။



နမ့်မချောင်းကူးတံတားပျက်စီးမှုအား ပြုပြင်ဆောင်ရွက်နေစဉ်။

တံတားထိပ်သံပေါင် ပျက်စီးသည့်နေရာသို့ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁ ရက်တွင် သံပေါင်အသစ်လဲလှယ် တပ်ဆင်ခြင်း၊ ပျက်စီးနေသောသစ်သားခင်းများ ပြန်လည်ခင်းခြင်းများကို ဆောင်ရွက်ပြီးစီးသဖြင့် ယာဉ်များပုံမှန်သွားလာနိုင်ကြပြီ ဖြစ်သည်။ အဆိုပါတံတားသည် နမ့်ခမ်းမြို့မှ ရွှေလီရေအားလျှပ်စစ်စက်ရုံ၊ နမ့်ခမ်းမြို့နယ်အတွင်းရှိ ဟင်လုံ၊ ဟန်ကန်း၊မန့်မြိုင်၊ မန်တပ်အပါအဝင် ကျေးရွာများ၊ ကချင်ပြည်နယ် မန့်ဝိန်းကြီးနှင့် ကျေးရွာများသို့ သွားရောက်ရာတွင် ဖြတ်သန်းသွားလာရသော တံတားဖြစ်ကြောင်း သိရသည်။ **ညဏ်မင်း(နမ့်ခမ်း)**

## နောင်ချိုမြို့၌ ဘဏ်မှငွေထုတ်ပြီးပြန်လာစဉ် လမ်း၌လူသုံးဦးက လုယူသည်ဟု လီဆယ်တိုင်တန်းသူအား အရေးယူ

**နောင်ချို　ဖေဖော်ဝါရီ　၁**

နောင်ချိုမြို့နယ် ဆင်းရွှေလီ သကြားစက်မှ ဝန်ထမ်းဖြစ်သူ ကိုသန့်ဇင်ဦးသည် ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက မင်္ဂလာဆောင်ရန်အတွက် ဘဏ်မှ ငွေကျပ် ၁၀ သိန်းကိုထုတ်ပြီး ဆိုင်ကယ်ဖြင့်ပြန်လာစဉ် နောင်ချိုမြို့ အနောက်ဘက် မန္တလေး-လားရှိုး ကားလမ်း ကုန်းမုံကျေးရွာအနီးတွင် လူသုံးဦး ဆိုင်ကယ်ဖြင့် စီးနင်းရောက်ရှိလာပြီး ကိုသန့်ဇင်ဦးနှင့် ဘေးချင်းယှဉ်စီးကာ ထိုလူသုံးဦးအနက် အလယ်လူက တုတ်ဖြင့်ရိုက်နှက်ကာ ငွေကျပ် ၁၀ သိန်းကို လုယူသွားခဲ့ကြောင်း၊ ကိုသန့်ဇင်ဦး၏ ဆိုင်ကယ်မှာလည်း လမ်းဘေးသို့ လဲကျသွားကြောင်း၊ ဆိုင်ကယ်စီးလာသူ လူတစ်ဦးက ဓားမြှောင်ဖြင့် ဘေးလွယ်အိတ်ကို ဖြတ်လုစဉ် ဘေးလွယ်အိတ်ကို ဝဲဘက်လက်ဖြင့် ကာလိုက်သဖြင့် ဝဲဘက်လက်ဖဝါးပြတ်ရှဒဏ်ရာများရရှိခဲ့ကြောင်း နောင်ချိုမြို့မရဲစခန်းသို့ တိုင်ကြားခဲ့သည်။

**လိမ်လည်ပြောဆို**

နောင်ချိုမြို့မ ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဝင်းအောင်စိန် ကြီးကြပ်မှုဖြင့် ခေတ္တနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းဇော်လင်း ဦးစီးသော နယ်ထိန်းတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်မှုကြောင့် မသင်္ကာဖွယ် တရားလိုကိုသန့်ဇင်ဦးကို သက်သေများရှေ့မှောက်၌ စစ်ဆေးရာ ကိုသန့်ဇင်ဦးက မင်္ဂလာဆောင်ရန် စုဆောင်းငွေကျပ် ၁၀ သိန်းကို သွားရောက်ထုတ်ယူမည်ဟု ပြောဆိုပြီး နောင်ချိုသို့ ဆိုင်ကယ်ဖြင့် ထွက်ခွာသွားခဲ့သော်လည်း အမှန်မှာ ဘဏ်တွင် စုဆောင်းငွေကျပ် ၁၀ သိန်းမရှိဘဲ ကျပ်တစ်သောင်းခွဲသာ ရှိသဖြင့် လမ်းတွင် လုယက်ခံရသည်ဟု မိမိနှင့်မင်္ဂလာဆောင်မည့်သူ၏ မိဘများကို လိမ်လည်ပြောဆိုခဲ့ခြင်းဖြစ်ပြီး ငွေကျပ် ၁၀ သိန်း လုယက်ခံရကြောင်း ရဲစခန်းသို့လည်း မဟုတ်မမှန် လီဆယ်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အရေးယူထား**

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ နောင်ချိုမြို့မရဲစခန်းက ငါးရက်အတွင်း ဖြစ်ရပ်မှန်ကို ဖော်ထုတ်လိုက်ပြီး လီဆယ်တိုင်ကြားသူကို အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## ကာတာတို့ ဂျပန်ကိုအနိုင်ယူပြီး အာရှဖလားပထမဆုံးအကြိမ်ဆွတ်ခူး

၂၀၁၉ အာရှဖလား ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ယူအေအီးနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက် (သောကြာနေ့) ညပိုင်းတွင် ဂျပန်နှင့် ကာတာအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့ရာ ကာတာအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် ဂျပန်အသင်းသည် အီရန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကာ ကာတာအသင်းလည်း အိမ်ရှင်ယူအေအီးအသင်းကို လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ အာရှဖလားဗိုလ်လုပွဲကြီးကို ဒူဘိုင်းမြို့ရှိ ပရိသတ်လေးသောင်း သုံးထောင်ကျော်အားပေးနိုင်သည့် ဇာရက်ဒ်စပေါ့စ်တီးကွင်းတွင် ယှဉ်ပြိုင်ခဲ့ပြီး ကွင်းလယ်ဒိုင်အဖြစ် ဥဇဘက်ကစ္စတန်နိုင်ငံသား ရက်ဗ်ရှန် အာမာတော့ဗ်က တာဝန်ယူကိုင်တွယ်ခဲ့သည်။

ဂျပန်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ကာ ကာတာအသင်းသည် ၅-၃-၂ ကစားကွက်ဖြင့် ပွဲထွက်လာသည်။



အာရှဖလားဆွတ်ခူးခဲ့သည့် ကာတာအသင်း အောင်ပွဲခံနေစဉ်။

ပထမပိုင်း ပွဲချိန် ၁၂မိနစ်တွင် အယ်မိုးဇတ်အလီက ကာတာအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၇မိနစ်တွင် ကွင်းလယ်ကစားသမား ဟာတမ်က ကာတာအတွက် ဒုတိယဂိုး သွင်းခဲ့သည်။

ဒုတိယပိုင်း ၆၉ မိနစ်တွင် ဂျပန်အတွက် တစ်လုံးတည်းသော ချေပဂိုးကို မီနာမီနိုက သွင်းယူခဲ့ခြင်း ဖြစ်သည်။ ပွဲချိန် ၈၃မိနစ်တွင် ကာတာအတွက် တတိယဂိုးကို အာခရမ်အာဖစ်က ပယ်နယ်တီမှ ကန်သွင်းယူပေးခဲ့သည်။ ဂျပန်အသင်းသည် ဒုတိယပိုင်း၌ ချေပဂိုး ရရှိရန် ပြန်လည်ဖိအားပေးကစားခဲ့ရာ ကာတာနောက်တန်းကို မကျော်နိုင်ခဲ့ဘဲ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ၂၀၁၉ အာရှဖလား သွင်းဂိုးအများဆုံးကို ကာတာတိုက်စစ်မှူး အယ်မိုးဇတ်အလီက သွင်းဂိုး ကိုးဂိုးဖြင့် ရရှိခဲ့သည်။

ယခုအာရှဖလား ပြိုင်ပွဲတွင် အကောင်းဆုံး ကစားသမားဆုကို ကာတာအသင်းမှ အာခရမ်အာဖစ်၊ အကောင်းဆုံးဂိုးသမားဆုကို ကာတာ ဂိုးသမားနှင့် အသန့်ရှင်းဆုံးဆုကို ဂျပန်အသင်းက ရရှိခဲ့သည်။

အာရှဖလားကို ဂျပန်အသင်းသည် ၁၉၉၂၊ ၂၀၀၀၊ ၂၀၀၄နှင့် ၂၀၁၁တို့တွင် လေးကြိမ်ဆွတ်ခူးထားရာ အအောင်မြင်ဆုံး အသင်းဖြစ်သည်။ ကာတာအသင်းသည် ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ကာတာက ၉၃ နှင့် ဂျပန်က ၅၀ တွင် ရပ်တည်နေသည်။ **သီဟ**

## မြန်မာ့ရုပ်မြင်သံကြား

၂-၂-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "နိုင်ငံတော်အလံနှင့် ဥပဒေ"
- ၁၀း၃၀ - လုံမမှတ်စု(၇၃)
- ၁၁း၂၀ - ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး"ပဲပင်ပေါက်"
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "စုံထောက်တင်မောင်ဆွေနှင့် မှုခင်းဇာတ်လမ်းတွဲ" (အပိုင်း-၁၅) "ယစ်သခင်ကြီး" (ဇာတ်သိမ်းပိုင်း) ထိုက်တန်လင်း၊ သတ္တိ၊ ဆုမြတ်နိုးဦး၊ သဲနော်ဇာ ဒါရိုက်တာ-ဟိန်းဇော်
- ၁၄း ၃၀ - "ရခိုင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ"

**ညပိုင်း**

- ၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် ရတနာပုံ FC နှင့်မကွေး FC
- ၁၇း၃၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၈း၂၅ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၆၂)
- ၂၀း၃၅ - "ရာဇဝင်ထဲကသမိုင်းအနုပညာ" (ရှေးမြန်မာ အုတ်ကျောင်းတော်ကြီးများ)(ရွှေရေးဆောင်ကျောင်းတိုက်)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အမှန်တရားရဲ့ ဘက်တော်သား ICACအဖွဲ့သားများ" (အပိုင်း-၁)
- ဂီတသမား၊ ဂီတစကား "မြန်မာသူရဲကောင်းမင်းရဲကျော်စွာ တေးသီချင်း(၂)ပုဒ်"

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီ အသတ်ခံရမှုနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁၅ ရက်ရုံးချိန်း၌ အပြီးသတ်အမိန့်ချမှတ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်အထူးတရားခုံရုံးက နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်များကို အပြီးသတ်ကြားနာမှုပြုလုပ်ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၅ ရက် နောက်ရုံးချိန်း၌ အပြီးသတ်အမိန့်ချမှတ်သွားမည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ(ယာယီ)ဒုတိယခရိုင်တရားသူကြီး - ၅ ဦးမောင်မောင်အေးက "ကျွန်တော်တို့ အထူးခုံရုံးမှာ စစ်ဆေးနေတဲ့ လူသတ်မှု၊ လက်နက်မှုနဲ့ပတ်သက်တဲ့ ကြည်လင်း(ခ)ဖိုးထူး၊ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနဲ့ အောင်ဝင်းထွန်းတို့ ရုံးရှေ့ရောက်ရှိကြပါတယ်။ ဒီကနေ့ က နှစ်ဖက်ရှေ့နေတွေရဲ့ လျှောက်လဲချက်တွေ အပြီးသတ်ကြားနာခဲ့ပြီးပါပြီ။ လာမယ့်ဖေဖော်ဝါရီ ၁၅ ရက်မှာ အပြီးသတ်အမိန့်ချသွားပါမယ်" ဟု ပြောသည်။

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှု၌ သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး ပါ-၄ အမှုအား ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံး၌ ရုံးချိန်းပေါင်း ၁၀၃ ချိန်းမြောက်အဖြစ် သေနတ်သမား ကြည်လင်း (ခ)ဖိုးထူး၊ အမှုတွဲတွင်ပါဝင်သော စွပ်စွဲခံထားရသည့် အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် တရားခံပြေး အောင်ဝင်းခိုင်တို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ ဖြင့် လည်းကောင်း၊ အချုပ်လွတ်အာမခံရရှိထားသော အောင်ဝင်းထွန်းကို ရာဇသတ်ကြီး ပုဒ်မ ၂၁၂ ဖြင့်လည်းကောင်း မြောက်ပိုင်းခရိုင်တရားရုံးက စွဲချက်တင်ခဲ့ခြင်းဖြစ်ကာ စစ်ဆေးမှုများအားလုံး ပြီးဆုံးသွားသည်ဖြစ်၍ ယခုနှစ်ဖက်ရှေ့နေများ၏ အပြီးသတ်လျှောက်လဲချက်ကြားနာခြင်းဖြစ်သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# ဝန်းသိုမြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ် ၇၉ လုံးဖမ်းမိ

**ဝန်းသို ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြင်တဲကြိုးဝိုင်း အကွက်အမှတ်(၁၆) အတွင်း ဇန်နဝါရီ ၃၁ ရက်က တရားမဝင်ကျွန်းသစ်လုံးနှင့်ကျွန်းခွဲသားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခန့်က ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး၊ ဝန်းသိုမြို့နယ်ဦးစီးအရာရှိ ဦးကျော်ဇောအောင်တို့ အဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင်များသည် ဝန်းသိုမြို့နယ် ပြင်တဲကြိုးဝိုင်းအကွက်အမှတ် (၁၆) နေရာအတွင်းဝင်ရောက်ရှာဖွေ စစ်ဆေးရာ တရားမဝင်ကျွန်းသစ် ၇၉ လုံး၊ ကျွန်းခွဲသား ၁၃ ချောင်း(၁ဒသမ ၉၃၉တန်) နှင့် သစ်ခွဲစက်တစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် ဥပဒေအရ အရေးယူထားကြောင်း ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

**လူအောင်(ကသာ)**

# မိုးမောက်- လွယ်ဂျယ်ကားလမ်း၌ တရားမဝင်သစ်တင်ယာဉ် ၁၀ စီး ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**မိုးမောက် ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မိုးမောက်- လွယ်ဂျယ်သွားကားလမ်း၌ တရားမဝင်သစ်များတင်ဆောင်ထားသည့်ယာဉ် ၁၀ စီးကို ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းက ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း သိရသည်။

**ပိုင်ရှင်မဲ့သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ မိုးမောက်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်စခန်းရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီက မိုးမောက်- လွယ်ဂျယ်သွားကားလမ်းတစ်လျှောက် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားမဝင်သစ်များ တင်ဆောင်ကာ ရပ်တန့်ထားသည့် မော်တော်ယာဉ် ၁၀ စီးကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် တရားမဝင်သစ်များကို မိုးမောက်မြို့နယ် သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်ကာ စနစ်တကျ တိုင်းတာစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဒုတိယရဲမှူးဟောင်း မိုးရန်နိုင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အင်းစိန်အကျဉ်းထောင်တွင် ထောင်ဒဏ်တစ်နှစ် ကျခံရာမှ လွတ်မြောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဒုတိယရဲမှူးဟောင်း မိုးရန်နိုင်သည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်အကျဉ်းထောင်တွင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၆(ခ)/၂၂ ဖြင့် ထောင်ဒဏ် တစ်နှစ်ပြစ်ဒဏ်ကျခံခဲ့ရပြီး ယနေ့နံနက်ပိုင်းက အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



အင်းစိန်အကျဉ်းထောင်မှ လွတ်မြောက်လာသည့် ဒုတိယရဲမှူးဟောင်း မိုးရန်နိုင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-မျိုးကြီး

# ခန္တီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တပ်မတော်နှင့် ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် နံနက် ၆ နာရီက ခန္တီးမြို့နယ် မြကျွန်းသာကျေးရွာနေ ကျော်ခင်(ခ)မောင်မြင့်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မတွေ့ရှိဘဲ ဇနီးဖြစ်သူ ဒေါ်ထွေး(ခ)ခင်ခင် ထွေး၊ စိုးသူနှင့် မိုးကျော်တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ တူမီးသေနတ်တစ်လက်၊ နေအိမ်ခြံဝင်းအတွင်း ကောက်ရိုးပုံထဲမှ အီတလီနိုင်ငံထုတ်ပွိုင့် ၂၂ ပစ္စတိုတစ်လက်၊ ယင်းကျည် ၄၆ တောင့်၊ ယင်းကျည်အိမ်တစ်ခုတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ မြို့မ(၁၂-က)ရပ်ကွက် အမှတ် (၁၁၉) နေ မလန်းခိုနင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ယဉ်အေး၊ အိန္ဒိယနိုင်ငံသူ မထွေဘိတို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၄ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဖျာပုံမြို့ရှိ စန္ဒာမင်းစိုးဘော်ဒါဆောင်၌ မီးလောင်မှုဖြစ်၍ အဆောက်အအုံသုံးလုံးပျက်စီး

**ဖျာပုံ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့မဓာဝီလမ်းရှိ စန္ဒာမင်းစိုးဘော်ဒါဆောင်၌ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက မီးလောင်မှုကြောင့် အဆောက်အအုံသုံးလုံးဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ဖျာပုံမြို့အမှတ် (၇)ရပ်ကွက် မဓာဝီလမ်းအမှတ် (၇၂) ရှိ စန္ဒာမင်းစိုးဘော်ဒါဆောင်၌ ဘော်ဒါဆောင် အုပ်ချုပ်သူ ဦးမောင်သန်း(၅၆ နှစ်)နှင့် ကျောင်းသား ကျောင်းသူများအိပ်ပျော်နေစဉ် နေအိမ်အပေါ်ထပ်ရှိ မီးပလပ်ခုံဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ရာမှ ခြံဝင်းအတွင်းရှိ တိုက်ခံနှစ်ထပ်အဆောက်အအုံ တစ်လုံးအပါအဝင် အဆောက်အအုံ သုံးလုံး မီးလောင်ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

မီးလောင်ရာသို့ ဖျာပုံခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်ဇော်မြင့်၊ ဖျာပုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပွဲတင်သံပရဟိတ ဘောလုံးအသင်းမှ လူငယ်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေသယ်ယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်လေးစီး၊ လက်ဆွဲမီးသတ်စက်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်ချိန်တွင် အဆိုပါဘော်ဒါဆောင်၌ ကျောင်းသားကျောင်းသူ ၃၉ ဦး၊ ဆရာဆရာမ ငါးဦးနေထိုင်လျက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဘော်ဒါဆောင် အုပ်ချုပ်သူ ဦးမောင်သန်းကို ဖျာပုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဟိုပုံး၊ ပင်လောင်းနှင့် တန့်ယန်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဘိန်းစိုက်ခင်းများကို ဖျက်ဆီးလျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်တွင် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီးသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်စံဖူးကျေးရွာ၏ အနောက်ဘက်ခြောက်ဖာလုံခန့်အကွာ၌ အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၃ ဧကကို ဖျက်ဆီးခဲ့သည်။

အလားတူ ပင်လောင်းမြို့နယ် လုံးကလိန်းကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ ဘိန်းစိုက်ခင်း ၆ ဒသမ ၅ဧက၊ တန့်ယန်းမြို့နယ် ဝိန်းမိုင်ကျေးရွာ၏ အရှေ့ဘက် လေးမိုင်ခန့်အကွာ၌ ဘိန်းစိုက်ခင်းနှစ်ဧကတို့ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမ်းမြို့နယ်၌ အထောက်အထားမဲ့ဝင်ရောက်လာသူများ ဖမ်းဆီးရမိ

**အမ်း ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ် အမ်းမြို့၌ ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်းက အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၄ ဦး ဖမ်းဆီးရမိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အမ်းမြို့ ပဲပဒုံစစ်ဆေးရေးဂိတ်သို့ အမ်း - မင်းဘူးကားလမ်းအတိုင်း ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာသော အမျိုးသားနှစ်ဦးကို စစ်ဆေးရာ အထောက်အထားမဲ့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၄ ရက်က အမ်းမြို့နယ် ကံမြင့်ကန်စစ်ဆေးရေးဂိတ်၌ အထောက်အထားမဲ့ ဝင်ရောက်လာသူ အမျိုးသား ကိုးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၁ ဦးကို လည်းကောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် အထောက်အထားမဲ့ ဝင်ရောက်လာသူ အမျိုးသမီးတစ်ဦးကို လည်းကောင်း ဖမ်းဆီးရမိသဖြင့် အရေးယူနိုင်ရေးအတွက် မြို့နယ် လဝကသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဗထူး**



အမ်းမြို့နယ်တွင် ဖမ်းဆီးရမိသည့် အထောက်အထားမဲ့ ဝင်ရောက်လာသူများကို တွေ့ရစဉ်။

# ဗင်နီဇွဲလားအရေး နိုင်ငံတကာအသိုင်းအဝိုင်းက ကူညီရန် အတိုက်အခံခေါင်းဆောင်တောင်းဆို

ကရာကက် ဖေဖော်ဝါရီ ၁

**ဗင်နီဇွဲလားသမ္မတ မာဒူရိုကို ရာထူးကဖယ်ရှားပြီး ဒီမိုကရေစီ ပြန်လည်ပေါ်ထွန်းလာရေး ကြိုးပမ်းမှုများတွင် နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းကူညီရန် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက တောင်းဆိုလိုက်သည်။**

လွန်ခဲ့သည့် ၂၀၁၈ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် အတိုက်အခံ ကိုယ်စားလှယ်အများစု ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းတို့ကို ပြုလုပ်သောကြောင့် နိုင်ငံရေးအခြေအနေ ရှုပ်ထွေးကာ မာဒူရိုကို သမ္မတအဖြစ် တစ်ကျော့ပြန် ပြန်လည်ရွေးကောက်ခဲ့ခြင်းသည် ဥပဒေနှင့် မညီကြောင်း လွှတ်တော်က ကြေညာခဲ့ပြီးနောက် ဂျူအန်ဂွိုက်ဒိုက ယာယီအတိုက်အခံသမ္မတအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။

နိုင်ငံပေါင်း ၅၀ ကျော်က ယာယီအတိုက်အခံသမ္မတအဖြစ် ကြေညာထားသူ ၎င်းကို အသိအမှတ်ပြုကြောင်းသိရသည်။ ထို့အတူ ၎င်းကို ဗင်နီဇွဲလားနိုင်ငံ၏ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥပဒေရေးရာတာဝန်ရှိသူအဖြစ် ရှုမြင်ကြောင်းလည်း သိရသည်။

ထို့အပြင် နိုင်ငံပေါင်း ၅၀ က ၎င်းကို လူသားချင်းဆိုင်ရာ အကူအညီများပေးရေး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်ကိုလည်း ပန်ကြားခဲ့ကြောင်း သိရသည်။



အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို

ဂျူအန်ဂွိုက်ဒိုက နိုင်ငံတကာသံတမန်များခန့်အပ်ပြီး ပြည်ပက တိုင်းပြည်၏ ပိုင်ဆိုင်မှုများကို ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းနေကြောင်းလည်း ၎င်းက ပြောသည်။ ထို့အတူ လက်ရှိသမ္မတ မာဒူရိုကို တပ်မတော်က ထောက်ခံမှုမပြုရေးဆိုင်ရာကိစ္စများကိုလည်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လျှို့ဝှက်ဆွေးနွေးခဲ့ကြောင်းလည်း သိရသည်။

ယမန်နေ့က ဖုန်းဖြင့် ပြောဆိုဆွေးနွေးမှုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျူအန်ဂွိုက်ဒိုကို ထောက်ခံခဲ့ပြီး ဗင်နီဇွဲလားနိုင်ငံတွင် တည်ငြိမ်မှုများ ပြန်လည်ရရှိရေး၊ နှစ်နိုင်ငံကြားဆက်ဆံရေး ပြန်လည်တည်ဆောက်ရေး အားပေးရန်အတွက် ဆက်ဆံရေးလမ်းကြောင်း ပုံမှန်ထားရှိရန် သမ္မတထရမ့်နှင့် ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင်တို့ကတိပြုခဲ့ကြောင်းလည်း အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် ဆာရာဆန်ဒါးစ်က ပြောသည်။ **အေအက်ဖ်ပီ**

# ဗန်ကောက်တွင် လေထုညစ်ညမ်းမှုကြောင့် ကျောင်းပေါင်း ၄၀၀ ကျော်ပိတ်ထား

**ဗန်ကောက် ဖေဖော်ဝါရီ ၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လေထုအရည်အသွေး ညစ်ညမ်းမှုကြောင့် ကျောင်းပေါင်း ၄၀၀ ကျော်ပိတ်ထားကြောင်း လတ်တလောသတင်းများအရ သိရသည်။

လေထုညစ်ညမ်းမှုကြောင့် ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရပြီး ကျန်းမာရေးဆိုင်ရာ ပြဿနာများလည်း ဖြစ်ပွားနိုင်ကြောင်းသိရသည်။ ရဲချုပ် အာဆာဝင်ကွမ်မောင်နှင့် မြို့တော်ဝန်တို့က လေထုညစ်ညမ်းမှု ထိန်းချုပ်ဇုန်အဖြစ် ဗန်ကောက်မြို့ကို ကြေညာချက် ထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာအာဏာပိုင်များအား ထိထိရောက်ရောက် ဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း သိရသည်။

လေထုညစ်ညမ်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ မလိုက်နာသူအားလုံး ထောင်သုံးလ ကျခံရမည်ဖြစ်ကြောင်းလည်း သိရသည်။

လေထုညစ်ညမ်းမှုသည် ဖေဖော်ဝါရီ ၄ ရက်အထိ ဆက်လက်ဖြစ်ပေါ်နိုင်သောကြောင့် ကျောင်းပေါင်း ၄၃၇ ကျောင်းကို ပိတ်ရန် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုချန်အိုချာက အာဆာဝင်အား တိုက်ရိုက်ညွှန်ကြားခဲ့ကြောင်းလည်း သိရသည်။

ဗန်ကောက်တွင် တနင်္လာနေ့ကတည်းက အန္တရာယ်ဖြစ်စေနိုင်သော အမှုန်အမွှားသည် လေထုထဲတွင် ပျံ့နှံ့နေကြောင်း လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဌာနက ပြောကြားခဲ့သည်။ လေထုညစ်ညမ်းမှုကြောင့် ကျောင်းများကို ပိတ်ခဲ့ရကြောင်း အာဆာဝင်က ပြောသည်။ လေထုညစ်ညမ်းမှုကြောင့် ကလေးများ ကျန်းမာရေးအန္တရာယ်ဖြစ်မည်ကို မိမိတို့ စိုးရိမ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# အီရန်အပေါ် အမေရိကန်၏ ပိတ်ဆို့ထားမှုများရှောင်ရှားနိုင်သည့်စနစ်အသစ်တည်ထောင်

**တီဟီရန် ဖေဖော်ဝါရီ ၁**

ဥရောပသုံးနိုင်ငံသည် အီရန်နိုင်ငံအပေါ် အမေရိကန်၏ ပိတ်ဆို့ထားမှုများကို ရှောင်ရှားနေစဉ်ကာလတွင် အီရန်နိုင်ငံနှင့် လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် စနစ်အသစ်တစ်ခု စတင်ခဲ့ကြောင်းသိရသည်။

ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်တို့သည် အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းဆောင်ရည်ကို ကန့်သတ်ပေးနိုင်သည့် အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခု ဖန်တီးပေးနိုင်မည့်စနစ်တစ်ခုကို စတင်မည်ဟု ကြာသပတေးနေ့က ကြေညာခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်မှ တစ်ဖက်သတ် နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများ ထပ်မံပြုလုပ်ခဲ့သည်။ ယခုစနစ်အသစ်အရ ဥရောပကုမ္ပဏီများသည် အီရန်နိုင်ငံနှင့် စီးပွားရေးပြုလုပ်နိုင်မည်ဖြစ်ပြီး အမေရိကန်၏ ပိတ်ဆို့မှု ပြစ်ဒဏ်ကိုလည်း ခံရဖွယ်မရှိကြောင်း ဥရောပမီဒီယာများက ပြောသည်။ နေ့စဉ်လိုအပ်ချက်များဖြစ်သော အစားအသောက်နှင့် ဆေးဝါးများကုန်သွယ်မှုတွင် အဆိုပါစနစ်ကို အသုံးပြုသွားမည်ဖြစ်သည်ဟု ၎င်းတို့က ပြောသည်။

သို့သော် အမေရိကန်၏ ပိတ်ဆို့မှုပြစ်ဒဏ်ကိုကြောက်ရွံ့ကြသော ဥရောပကုမ္ပဏီကြီးများသည် အီရန်နိုင်ငံနှင့်ကုန်သွယ်မှုကို ရပ်တန့်လိုက်ကြပြီဖြစ်သည့်အတွက် အီရန်၏အဓိကထွက်ကုန်ဖြစ်သည့် ရေနံတင်ပို့မှုတွင်မူ ယခုအစီအစဉ်သည် အသုံးချ၍မရကြောင်း သိရသည်။ ယခုစနစ်သည် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများတွင် ကန့်သတ်ချက်ရှိကြောင်း လေ့လာသူများကပြောသည်။ ဥရောပ သုံးနိုင်ငံသည် ယခုစနစ်တွင် ၎င်းတို့နှင့်အတူ လာရောက်ပူးပေါင်းကြရန် အခြားသူများကိုလည်း ဖိတ်ခေါ်ထားကြသည်။

**အင်န်အိတ်ချ်ကေ**

# ဆီးရီးယားနိုင်ငံရှိ ဒုက္ခသည်စခန်းတွင် ကလေးများသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁**

ပြီးခဲ့သည့် ဒီဇင်ဘာလကုန်တွင် စစ်ပွဲဒဏ်ခံ ဆီးရီးယားတွင် ကလေး ၂၉ ဦး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂကပြောသည်။ သေဆုံးသွားသည့် ကလေးများတွင် မွေးစကလေး ၁၁ ဦး ပါဝင်ပြီး ဒုက္ခသည်စခန်းအတွင်း အအေးဒဏ်နှင့် ပင်ပန်းနွမ်းနယ်မှုဒဏ်တို့ကြောင့် သေဆုံးသွားရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ယူနီဆက်ဖ်က ကြာသပတေးနေ့တွင် ပြောသည်။

ဆီးရီယားနိုင်ငံ အရှေ့ပိုင်းတွင် အိုင်အက်စ်စစ်သွေးကြွများ အန္တရာယ်ကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် လူပေါင်း ၂၃၀၀၀ ခန့်သည် ထွက်ပြေးလာခဲ့ပြီး ဒုက္ခသည်စခန်းသို့ ရောက်ရှိလာခဲ့ကြသည်။ အစားအသောက်နှင့် အဝတ်အထည် လုံလောက်မှုမရှိဘဲ ၎င်းတို့သည် ကန္တာရအတွင်း ကီလိုမီတာပေါင်း ၃၀၀ ခန့်ကို ဖြတ်ကျော်ခဲ့ရသည်။

ဒုက္ခသည်စခန်းအတွင်း ဝင်ရောက်ခွင့်မရသေးမီ စစ်ဆေးမှုများ မခံယူမီ ၎င်းတို့သည် စခန်းအပြင်ဘက်တွင် ရက်ပေါင်းအတော်ကြာ နေထိုင်ခဲ့ရသည်။ အဆိုပါ အခြေအနေများကြောင့် ကလေးများ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ယူနီဆက်ဖ်က ပြောသည်။ ဆီးရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့တစ်ဖွဲ့က အဆိုပါ အခြေအနေများနှင့် ပတ်သက်ပြီး သတိပေးမှုများ ထုတ်ပြန်ခဲ့သည်။ ဆေးဝါးနှင့် ထောက်ပံ့ရေးပစ္စည်းများကို အတားအဆီးမရှိဘဲ ကူညီပေးနိုင်ရေးအတွက်လည်း ပဋိပက္ခများ ဖြစ်ပွားနေသည့်အဖွဲ့များကို တောင်းဆိုထားသည်။

ကလေးငယ်များသည် အပူချိန်အလွန်အမင်း ကျဆင်းခြင်းကြောင့် သေဆုံးရခြင်းဖြစ်ပြီး အယ်ဟိုဒုက္ခသည်စခန်းရှိ လူဦးရေမှာလည်း သိသိသာသာ တိုးလာလျက်ရှိသည်။ အယ်ဟိုဒုက္ခသည် စခန်းရှိ အခြေအနေမှာ စိတ်မကောင်းစရာကောင်းလှကြောင်း၊ မိသားစုများမှ လုံခြုံစိတ်ချရမှုရှိစေရေး ပြောင်းရွှေ့လာကြချိန်တွင် ကလေးငယ်များမှာ အပူချိန်ကျဆင်းမှုကြောင့် သေဆုံးသွားကြရကြောင်း ဆီးရီးယားရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်အယ်လီဇဘတ်ဟို့ဖ်က ပြောသည်။ ယခုအခါ ဒုက္ခသည်စခန်းရှိ လူဦးရေ ၃၃၀၀၀ ခန့်၏ အခြေအနေမှာ စိုးရိမ်ဖွယ်ရှိပြီး အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြသည်။ ၎င်းတို့သည် ယခုအခါ ပြင်းထန်လှသည့် အအေးဒဏ်ကို အန်တုနေထိုင်နေရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဩစတြေးလျနိုင်ငံတွင် ဇန်နဝါရီလ၌ စံချိန်တင် အပူချိန်မြင့်တက်

ဆစ်ဒနီ ဖေဖော်ဝါရီ ၁

**ယခင်ဇန်ဝါရီလများနှင့်ယှဉ်လျှင် ယခုနှစ် ဇန်နဝါရီလသည် ဩစတြေးလျတွင် အပူဆုံးဖြစ်နေပြီး အပူလှိုင်းပျံ့နှံ့လာသည့်အခါ မိုးခေါင်မှုကို ပိုမိုဆိုးရွားစေမည်ဖြစ်သည့်အပြင် တောမီးလောင်ကျွမ်းမှုကိုလည်း ဖြစ်ပေါ်စေနိုင်သည်။**

ထို့ပြင် ငါးများအစုအပြုံလိုက် သေဆုံးခြင်းတို့လည်း ဖြစ်စေသည်ဟု အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားခဲ့သည်။ သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီလအတွင်း အပူချိန်မှာ ၃၀ ဒီဂရီဆဲလ်စီးယပ်ထက် ကျော်လွန်နေကြောင်း အစိုးရမိုးလေဝသဗျူရိုက ပြောသည်။



အပူချိန်မြင့်တက်မှုကြောင့် အပူဒဏ်ခံနေရသူတစ်ဦးကို တွေ့ရစဉ်။

လွန်ခဲ့သောလများအတွင်း နိုင်ငံ၏နေရာတော်တော်များများတွင် အပူလှိုင်း၏ အခြေအနေများ ခံစားရသည်ကို တွေ့ခဲ့ရကြောင်း ရာသီဥတုပညာရှင် အကြီးတန်းအရာရှိတစ်ဦးဖြစ်သူ အန်ဒရူးဝေါ့ကင်က ပြောသည်။


ဩစတြေးလျနိုင်ငံတောင်ပိုင်း တက်စ်မန်ပင်လယ်တွင် လေဖိအားများလာသည့်အတွက် အပူချိန်မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ အဆိုပါ လေထုဖိအားကြောင့် လေအေးများ ဩစတြေးလျသို့ မဝင်ရောက်နိုင်အောင် တားဆီးထားသလိုဖြစ်နေကြောင်း အန်ဒရူးက ဆက်ပြောသည်။

ဩစတြေးလျနိုင်ငံ၏အပူချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ အတွင်း ၁ ဒီဂရီဆဲလ်စီးယပ်မြင့်တက်လာကြောင်း၊ ပုံမှန်မဟုတ်သည့် ပူနွေးမှုမျိုးဖြစ်စေခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ ဇန်နဝါရီလအတွင်း ပျမ်းမျှမိုးရေချိန်မှာလည်း ကျဆင်းနေကြောင်း၊ ဇန်နဝါရီလနှောင်းပိုင်း ကွင်းစလန်းပြည်နယ် အရှေ့မြောက်ပိုင်း၌ မုတ်သုံရာသီတွင် ရေကြီးမှုမဖြစ်ပေါ်မီ နိုင်ငံ၏ အရှေ့ပိုင်းတွင် မိုးခေါင်မှုနှင့်လည်း ကြုံတွေ့ခဲ့ရကြောင်း မိုးလေဝသဗျူရိုက ပြောသည်။ ဇန်နဝါရီလအတွင်း အပူလှိုင်းကြောင့် ငါးများသန်းနှင့်ချီ၍ သေဆုံးခဲ့ရသည်ဟု အာဏာပိုင်များက ပြောသည်။ **အေအက်ဖ်ပီ**

# ညှိနှိုင်းဆွေးနွေးမှုဖြင့် မဖြေရှင်းနိုင်တာ မရှိ

**ထွန်းသစ်စ**

**ကျွန်တော်တို့ ဒီနေ့ ကမ္ဘာ့ကုန်သွယ်ရေးအခင်းအကျင်းကို ပြန်ကြည့်မယ်ဆိုရင် အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ရဲ့တိုးတက်လာတဲ့ ကုန်သွယ်ရေးအခင်းအကျင်းကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ ကမ္ဘာ့ကုန်သွယ်ရေးမှာ အရေးပါတဲ့ နိုင်ငံတွေဖြစ်တာနဲ့အညီ သူတို့နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေး တိုးတက်ကောင်းမွန်လာတာနဲ့ တစ်ပြိုင်နက် ကမ္ဘာ့စတော့ဈေးကွက်ကလည်း ဦးမော့လာမယ့်အနေအထားကို တွေ့မြင်နေရပါတယ်။**



**အိမ်ဖြူတော်အနီး အိုင်ဆင်ဟောင်ဝါအဆောက်အအုံတွင် ပေကျင်းကုန်သွယ်ရေးသံတမန် လျူဟဲ (ဝဲ) နှင့် အမေရိကန်ကုန်သွယ်ရေးအကြီးအကဲ ရောဘတ် လိုက်သင်ဇာ(ယာ) တို့ ဆွေးနွေးနေစဉ်။**

### စိတ်အားထက်သန်

လတ်တလောမှာ အမေရိကန်နဲ့ တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးညှိနှိုင်းနေမှုဟာ ဒုတိယနေ့ကို ဝင်ရောက်လာပါပြီ။ အဲဒီအချိန်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နှစ်နိုင်ငံကုန်သွယ်ရေးညှိနှိုင်းမှု အောင်မြင်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိတယ်လို့ အမှမ်းတင်ပြောဆိုလိုက်သလို တရုတ်ဘက်ကလည်း ကုန်သွယ်ရေးညှိနှိုင်းမှု အဆင်ပြေအောင်ဆောင်ရွက်ဖို့ စိတ်အားထက်သန်နေတယ်လို့ ပြောကြားခဲ့ပါတယ်။

အမေရိကန်နဲ့ တရုတ် ကုန်သွယ်ရေးညှိနှိုင်းမှုမှာ မပြေလည်တာမရှိသေးဘူးလို့ ဇန်နဝါရီ ၃၁ ရက်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သူ့ရဲ့တွစ်တာအကောင့်မှာ ရေးသားထားပါတယ်။ သို့သော်လည်း သူ့အနေနဲ့ မကြာတော့တဲ့ အနာဂတ်ကာလမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ တွေ့ဆုံပြီးတဲ့အခါကျရင်တော့ နှစ်ဖက်အပေးအယူ ပိုမိုအဆင်ပြေလာဖွယ်ရှိတယ်လို့လည်း ပြောခဲ့ပါတယ်။ ထို့အတူ အခုနှစ်ရက်အတွင်းမှာ ပြုလုပ်နေတဲ့ အမေရိကန်နဲ့ တရုတ် ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းနေမှုဟာ အဆင်ပြေနေတယ်လို့ ထရမ့်က တွစ်တာမှာ ဆက်လက်ရေးသား ဖော်ပြထားပါတယ်။

"တရုတ်ဘက်က အကောက်ခွန်တွေ တိုးကောက်တာမျိုးကို မလိုချင်သလို ကုန်သွယ်မှုဆိုင်ရာ သဘောတူနားလည်မှုတစ်ခု လုပ်ထားမယ်ဆိုရင် ပိုကောင်းမယ်လို့ ထင်နေပါတယ်။ သူတို့မှန်ပါတယ်" လို့ ထရမ့်က ပြောပါတယ်။

### ဖေဖော်ဝါရီနောက်ဆုံးပတ်မှာ ကျင်းပမယ်

အမေရိကန်-တရုတ်ကုန်သွယ်ရေးနဲ့ ပတ်သက်တဲ့ သဘောတူနားလည်မှုဆိုင်ရာ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေး ဆွေးနွေးပွဲတစ်ခုကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်လောက်မှာ အာရှနိုင်ငံတစ်နိုင်ငံမှာ ကျင်းပမှာဖြစ်တယ်လို့ မီဒီယာတွေမှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံဘက်က အရာရှိတွေက အစည်းအဝေးကို တောင်တရုတ်ပင်လယ်ထဲက ဟိုင်နန်ကျွန်းမှာလုပ်ဖို့ အဆိုပြုထားတယ်လို့ သည်ဝေါစထရိစ်ဂျာနယ်မှာတော့ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံဘက်က ကုန်သွယ်ရေးဆိုင်ရာ သံတမန် လျူဟဲ ဦးဆောင်တဲ့ အယောက် ၃၀ ပါ ကိုယ်စားလှယ်အဖွဲ့နဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ဟာ ဇန်နဝါရီ ၃၀ ရက်ကစပြီး ကုန်သွယ်ရေးဆိုင်ရာ သဘောတူညှိနှိုင်းမှုတွေ ဆွေးနွေးလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ တစ်ဖက်နဲ့ တစ်ဖက် ကုန်သွယ်ရေးဆွေးနွေးမှုဟာ တိုးတက်လာတဲ့ သဘောတွေ့တဲ့အတွက် ကမ္ဘာ့စတော့ဈေးကွက်လည်း ပြန်လည်ဦးမော့လာမယ့် အနေအထားကို တွေ့မြင်ရမှာပါ။

### အခွင့်အလမ်းတစ်ခု

ရင်းနှီးမြှုပ်နှံသူတွေကတော့ ကုန်သွယ်ရေးအင်အားကြီးနိုင်ငံနှစ်နိုင်ငံ အခုလို တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ဆောင်တာဟာ ကမ္ဘာ့ကုန်သွယ်ရေးပဋိပက္ခဖြစ်ပွားမှုမှ တားဆီးနိုင်မယ့်အခွင့်အလမ်းတစ်ခုလို့လည်း သုံးသပ်ကြပါတယ်။

သို့သော်လည်း အမေရိကန်ဟာ အခုရက်ပိုင်းမှာ တရုတ်နည်းပညာကုမ္ပဏီဖြစ်တဲ့ ဟွာဝေးကို အနည်းငယ်သဘောမတွေ့ ဖြစ်နေပါတယ်။ အစိုးရရှေ့နေတွေကလည်း ဟွာဝေးကုမ္ပဏီကို နည်းပညာသူလျှိုလုပ်မှုနဲ့တော့ စွပ်စွဲထားတာရှိပါတယ်။ အဲဒီကိစ္စက နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးပွဲကို အဟန့်အတားဖြစ်စေနိုင်မှာလား ဆိုတာတော့ မသိနိုင်သေးပါဘူး။

လွန်ခဲ့တဲ့နှစ်ကဆိုရင် အမေရိကန်ပြည်ထောင်စုဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ကန့်သတ်ခြင်းတွေ၊ တင်ပို့မှုကို ထိန်းချုပ်ခြင်းတွေနဲ့ တရုတ်နည်းပညာ ကုန်စည်တန်ဖိုး ၅၀ ဘီလီယံမှာ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံခြင်းတို့ အပါအဝင် နောက်ဆုံးမှာ တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေပြုလုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

အမေရိကန်ရဲ့ အဲဒီလိုလုပ်ဆောင်ချက်တွေအပေါ် တရုတ်နိုင်ငံကလည်း ငြိမ်မနေပါဘူး။ အမေရိကန် ကုန်စည်တွေနဲ့ ပတ်သက်တဲ့အခွန်အကောက် တွေနဲ့ ပတ်သက်ပြီး တန်ပြန် ခြိမ်းခြောက်မှုတွေ ပြန်လည် ပြုလုပ်ခဲ့ပါတယ်။ နှစ်နိုင်ငံ ကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာ ၃၆၀ ဘီလီယံကျော် အခွန်ကောက်ခံမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

### မဖြေရှင်းနိုင်တဲ့ ပြဿနာမရှိ

မဖြေရှင်းနိုင်တဲ့ ပြဿနာမရှိဆိုတာ မှန်ပါတယ်။ ဘယ်လောက်ပဲ ခက်ခဲတဲ့ ပြဿနာဖြစ်ပါစေ ဖြေရှင်းနိုင်စမြဲပါ။ တရုတ်နဲ့ အမေရိကန် ခေါင်းဆောင်နှစ်ဦးတို့ ရက်ပေါင်း ၉၀ ကြာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ခု ရရှိခဲ့သလို နှစ်ဖက်ခေါင်းဆောင်တွေရဲ့ကိုယ်စားလှယ်တွေဟာ နောက်ထပ် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုတွေကို ဖြေလျှော့စေဖို့ ထပ်မံတွေ့ဆုံမှုတွေ လုပ်ဆောင်နေကြပါတယ်။

နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ရိုက်ခတ်မှုတွေကြောင့် တရုတ်နိုင်ငံရဲ့စီးပွားရေးဟာ နှစ်ပေါင်း ၃၀ နီးပါး တိုးတက်လာတဲ့အချိန်မှာ ပထမဆုံးအနေနဲ့ ၂၀၁၈ ခုနှစ်မှာ အင်အားချည့်နဲ့ သွားခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုဟာ အရင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ အခုအခါ ၆ ဒသမ ၇ ရာခိုင်နှုန်း အထိဖြစ်လာပြီး အနည်းငယ်ကျဆင်းခဲ့တယ်လို့ အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

သို့သော်လည်း အမေရိကန်ကုန်သွယ်ရေးအကြီးအကဲ ရောဘတ်လိုက်သင်ဇာပါဝင်တဲ့ အမေရိကန်အရာရှိတွေက ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဟာ အဆင့်မြင့်နည်းပညာ လွှမ်းမိုးမှုမှာ အပြိုင်အဆိုင်တွေ လုပ်နေတယ်လို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က ပေကျင်းက မဟာဗျူဟာအစီအစဉ်တစ်ခုဖြစ်တဲ့ "ပေကျင်းတွင် ပြုလုပ်သည် ၂၀၂၅" ဆိုတဲ့ အစီအစဉ်တစ်ခုကို စတင်ခဲ့ပါတယ်။ အဲဒါက ဘာကိုပြောသလဲဆိုရင် လေယာဉ်၊ စက်ရုပ်၊ မှတ်ဉာဏ်တုမှသည် မျိုးဆက်သစ်ကားတွေထုတ်လုပ်မှုနဲ့ တခြားကဏ္ဍတွေမှာ တရုတ်ဟာ ကမ္ဘာ့ဦးဆောင်သူတစ်ဦးဖြစ်ချင်တယ်ဆိုတာကို ပြသတာပဲဖြစ်ပါတယ်။ ထို့အတူ နည်းပညာပိုင်းနဲ့ ဘဏ္ဍာရေးပိုင်းမှာလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြိုင်အဆိုင်ကြိုးစားနေကြတာကို တွေ့မြင်နေရပါတယ်။

### ညှိနှိုင်းရဦးမယ်

တချို့ကဏ္ဍတွေမှာ တစ်ဖက်နဲ့တစ်ဖက် ညှိနှိုင်းရယူရဦးမယ့် အခြေအနေတွေ ရှိနေပါသေးတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ထုတ်လုပ်မှု၊ လယ်ယာ၊ စီးပွားရေး၊ စက်မှုလုပ်ငန်းတွေ စတဲ့နေရာတွေမှာ ညှိနှိုင်းမှုတွေ လုပ်ဆောင်ရဦးမယ့် အနေအထား ဖြစ်နေပါတယ်။ အဲဒီကိစ္စတွေ မပါဘဲနဲ့ နှစ်နိုင်ငံ ကုန်သွယ်ရေး နားလည်မှုစာချုပ်တစ်ရပ် ပေါ်ပေါက်လာဖို့ မလွယ်ကူသေးဘူးလို့ ထရမ့်က ဆိုပါတယ်။

အမေရိကန်သမ္မတ ထရမ့်ဟာ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ တွေ့ဆုံပြီး တချို့ ကိစ္စတွေ၊ ခက်ခဲမှုတွေကို ထပ်မံညှိနှိုင်းရယူရဦးမယ့် အနေအထားရှိပါတယ်။

တရုတ်ကိုယ်စားလှယ်တွေနဲ့ မိမိအနေနဲ့ ကုန်သွယ်ရေးကိစ္စမှာ ပြီးပြည့်စုံတဲ့ သဘောတူနားလည်မှုတစ်ခုရဖို့အရေး ကြိုးစားဆောင်ရွက်နေတယ်လို့လည်း အမေရိကန်သမ္မတ ထရမ့်က တွစ်တာမှာ ဖော်ပြထားပါတယ်။ နှစ်ဖက် ညှိညှိနှိုင်းနှိုင်းလုပ်ရင် ဖြေရှင်းလို့မရတာ မရှိပါဘူးလို့လည်း သူက ဆိုလိုက်ပါတယ်။

ကုန်သွယ်ရေးဆိုင်ရာ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို ဆွေးနွေးနေဆဲဖြစ်ပြီး ဖြေရှင်းနိုင်မယ်လို့ သူကဆိုပါတယ်။ တရုတ်နိုင်ငံအပေါ် ကုန်သွယ်ရေးဆိုင်ရာ ၂၅ ရာခိုင်နှုန်းတိုးကောက်မယ့် မတ် ၁ ရက်မတိုင်ခင် နှစ်နိုင်ငံ ကုန်သွယ်ရေး အဖြေရှာတွေ့နိုင်ဖို့ မျှော်လင့်ရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

> **"အမေရိကန်-တရုတ် ကုန်သွယ်ရေးနဲ့ပတ်သက်တဲ့ သဘောတူနားလည်မှုဆိုင်ရာ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရေးဆွေးနွေးပွဲတစ်ခုကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်လောက်မှာ အာရှနိုင်ငံတစ်နိုင်ငံမှာ ကျင်းပမှာဖြစ်တယ်လို့ မီဒီယာတွေမှာ ဖော်ပြထား"**

# နိုင်ငံတကာသတင်းတိုများ

## ဥရောပလေကြောင်း ကုမ္ပဏီကြီးတစ်ခု ဆိုက်ဘာတိုက်ခိုက်ခံရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

ဥရောပလေကြောင်းကုမ္ပဏီကြီးတစ်ခုဖြစ်သော အဲယားဘတ်စ်ကုမ္ပဏီသည် ဆိုက်ဘာတိုက်ခိုက်ခံခဲ့ရကြောင်း ယမန်နေ့က ပြောကြားလိုက်သည်။ ကုမ္ပဏီ၏ သတင်းအချက်အလက်စနစ်တွင် ဆိုက်ဘာတိုက်ခိုက်မှုတစ်ခု ရှာဖွေတွေ့ရှိခဲ့ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားလိုက်ခြင်းဖြစ်သည်။

ထိုကဲ့သို့ တိုက်ခိုက်ခံရသောကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် မည်သို့မျှ အကျိုးသက်ရောက်မှုမရှိကြောင်း ပြောခဲ့သည်။ သို့သော်လည်း ဆိုက်ဘာတိုက်ခိုက်မှုသည် သီးသန့်စာရင်းဇယားအချက်အလက်တစ်ခုခုကို ပစ်မှတ်ထားခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက မကြာသေးမီက ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ အဲယားဘတ်စ်လေယာဉ်ကုမ္ပဏီသည် ကမ္ဘာ့အနှံ့တွင် အလုပ်သမားဦးရေ ၁၂၉၀၀၀ခန့် ရှိကြောင်း သိရပြီး စီးပွားဖြစ် ခရီးသည်လေယာဉ် ထုတ်လုပ်ရေးဌာန၊ ကာကွယ်ရေးနှင့် အာကာသပိုင်းဆိုင်ရာဌာနနှင့် ရဟတ်ယာဉ်ဌာနတို့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်တွင် အအေးလွန်ကဲကာ သုံးဦးသေဆုံး

**နယူးယောက် ဖေဖော်ဝါရီ ၁**

အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်တွင် အအေးလွန်ကဲမှုဖြစ်ပွားသောကြောင့် ရာသီဥတုဆိုးရွားပြီး ဆီးနှင်းများကျဆင်းလာကာ လေပြင်းများလည်း တိုက်ခတ်သောကြောင့် သုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက မကြာသေးမီက ပြောကြားသည်။

နယူးယောက်ပြည်နယ် ဘက်ဖလိုမြို့တွင် အမျိုးသားနှစ်ဦးမှာ ဆီးနှင်းများရှင်းလင်းစဉ် သေဆုံးခဲ့ကြောင်းနှင့် လစ်ဗင်းစတန်နယ်မြေရှိ အမျိုးသားတစ်ဦးမှာလည်း ကားနှင့် နှင်းခဲပုံတိုက်မိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အတူ အိမ်ခြေမဲ့ အမျိုးသားတစ်ဦး ယမန်နေ့က ဘက်ဖလိုမြို့ရှိ ကားဂိတ်တစ်ခုအတွင်း အေးခဲကာ သေဆုံးနေသည်ကို တွေ့ခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ အမေရိကန်နိုင်ငံတွင် ဇန်နဝါရီ ၂၉ ရက်မှစကာ မစ်ဝက်ဒေသနှင့် နယူးအင်္ဂလန်ဒေသများတွင် အအေးလွန်ကဲမှုခံစားခဲ့ရကြောင်း သိရသည်။ အအေးလွန်ကဲမှုသည် လူဦးရေ သန်း ၅၀ အပေါ် သက်ရောက်မှုရှိကြောင်း သိရသည်။ လတ်တလောတွင် ရာသီဥတုဆိုးရွားသောကြောင့် စာသင်ကျောင်းများနှင့် အစိုးရဌာနများကို ပိတ်ထားရကြောင်း သိရသည်။

**ဆင်ဟွာ**

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## အခန်း(၁၁)
## ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၈။ စစ်ဆေးရေးအရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၂၁ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၂၂ ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၂၁ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၂၂ ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်း ကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါ မှတ်ပုံတင်လျှောက်ထားချက်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီး လျှောက်ထားချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်ခြင်းမရှိသော စက်မှုဒီဇိုင်း ဖြစ်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင် သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၉။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါ ပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာစက်မှုဒီဇိုင်း လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါ အချက်များနှင့်ကိုက်ညီလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအပေါ် ခိုင်လုံသော အကြောင်းပြချက်ကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

၃၀။ မှတ်ပုံတင်အရာရှိသည်-

(က) စက်မှုဒီဇိုင်း လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေမည် ဆိုပါက စွန့်လွှတ်ပြီးသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါတောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ တို့နှင့် ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) လျှောက်ထားသူက ပုဒ်မ ၃၆ အရ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုလျှင် ရွှေ့ဆိုင်းသည့်ကာလ ကုန်ဆုံးသည့်နေ့မတိုင်မီ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်း မပြုရ။

၃၁။ စက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အောက်ဖော်ပြပါ အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည် -

(က) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှုမရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် အသစ်မဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၆ ပါ အကာအကွယ် မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း။

၃၂။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၃၃။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်းမရှိပါက အဆိုပါစက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာ တင်သွင်းလာပါက ကန့်ကွက်ချက်ကို စစ်ဆေးပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၃၄။ စက်မှုဒီဇိုင်းပိုင်ရှင်သည် -

(က) စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို လည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၂)
## ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၃၆။ စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စက်မှုဒီဇိုင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့် ကာလကို လျှောက်ထားချက်တွင် ဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ အဆိုပါ ရွှေ့ဆိုင်းပေးစေလိုသည့် ကာလသည် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားသည့်နေ့မှ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုထားလျှင် ယင်းတောင်းဆိုသည့်နေ့ မှ ၁၈ လထက်မပိုစေရ။

၃၇။ လျှောက်ထားသူသည် ပုဒ်မ ၃၆ အရ စက်မှုဒီဇိုင်း ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီးဖြစ်သော်လည်း အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆို ချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန်ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို -

(က) ပုဒ်မ ၃၆ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင်ထားပြီး စက်မှုဒီဇိုင်းနှင့် သက်ဆိုင်သည့် စာတွဲကို လျှို့ဝှက်ထားရှိရမည်။

(ခ) ရွှေ့ဆိုင်းထားသည့်ကာလအတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊ လျှောက်ထားချက် တင်သွင်းသည့်နေ့၊ တောင်းဆိုထားသည့် ကာလနှင့် အခြားသတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန်ကြေညာရမည်။

(ဂ) ရွှေ့ဆိုင်းထားသည့် သတ်မှတ်ကာလ ကုန်ဆုံးလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၃)
## ဦးစားပေးအခွင့်အရေး

၃၉။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်း ခံရသူသည် စတင်လျှောက်ထားခဲ့သည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနသို့ တူညီသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဆိုပါစတင်လျှောက်ထားသည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၀။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် စက်မှုဒီဇိုင်းအတွက် စတင်ခင်းကျင်းပြသခဲ့သည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနတွင် တူညီသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ရန် လျှောက်ထားလျှင် အဆိုပါစတင်ခင်းကျင်း ပြသခဲ့သည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၄၁။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၉ အရ လျှောက်ထားသည့်နေ့မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

## အခန်း(၁၄)
## မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၄၂။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းသည် စက်မှုဒီဇိုင်း မှတ်ပုံတင် လျှောက်ထားချက် တင်သွင်းသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။ စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းကို တစ်ကြိမ်လျှင် ငါးနှစ်စီဖြင့် နှစ်ကြိမ်အထိ သက်တမ်းတိုးနိုင်သည်။

၄၃။ စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးပြီးနောက် အထူးအခွင့်အရေး အဖြစ် ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၄။ မှတ်ပုံတင်အရာရှိသည် -

(က) သတ်မှတ်ချက်နှင့်ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင် မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ငါးနှစ်သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း စက်မှုဒီဇိုင်းပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်စဲရမည်။

(င) ရုပ်စဲသွားသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်စဲကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၅)
## မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများ

၄၅။ စက်မှုဒီဇိုင်းပိုင်ရှင်သည် အခန်း (၁၄) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင် သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၆။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဒ်မ ၄၉ နှင့် ၅၀ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှုပွားထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ အဓိကအချက်များကို မှုပွား ထားသည့် စက်မှုဒီဇိုင်းပါဝင်သော သို့မဟုတ် ရုပ်လုံးဖော်ထားသော ထုတ်ကုန် များအား စီးပွားရေးအလို့ငှာ အခြားသူတစ်ဦးဦးက ယင်း၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ခ) အခန်း (၁၆) နှင့် (၁၇) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင်သည်။

၄၇။ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည့် စက်မှုဒီဇိုင်းအပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေရမည်။

၄၈။ စက်မှုဒီဇိုင်းကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့ အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်း မရှိလျှင် -

(က) စက်မှုဒီဇိုင်းပိုင်ရှင်တစ်ဦးဦးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းနှင့် စပ်လျဉ်း၍ မခွဲဝေရသေးသည့် အခွင့်အရေးကို အညီအမျှ ခံစားခွင့်ရှိသည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးဦးသည် ယင်း၏ မခွဲဝေရသေးသည့် အခွင့်အရေးကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးဦးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သူအား အခြားသော စက်မှုဒီဇိုင်း ပူးတွဲပိုင်ရှင်များ၏ သဘောတူညီချက် ရယူရန်မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးဦးထံမှ အခွင့်အရေးများအား တရားဝင်ဆက်ခံရရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ပြီးစီးသည့်နောက်တွင် ကျန်ရှိသည့်ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်



စီမံကိန်းကျေးရွာများ၏ တတိယနှစ်စီမံကိန်းလုပ်ငန်းများ အကဲဖြတ်အမှတ်ပေးခြင်းအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံအတွင်းမှ ဖွံ့ဖြိုးမှုမရှိသေးသည့်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ လာမည့် နိုဝင်ဘာလတွင် စီမံကိန်းကာလ ပြည့်မြောက်တော့မည်ဖြစ်သည်။ စီမံကိန်းပြီးစီးသည့်နောက် စီမံကိန်းလွန်ကာလများတွင် ကျန်ရှိသည့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေပြည်တော် Kempinski ဟိုတယ်၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည့် ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း ကျေးရွာများ၏ တတိယနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မှု အကဲဖြတ်အမှတ်ပေးခြင်း အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက ပြောကြားသည်။

"မြန်မာ့နိုင်ငံရဲ့လယ်ယာကဏ္ဍနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် KOICA က ကိုရီးယား-မြန်မာချစ်ကြည်ရေးကို အခြေခံပြီး အဘက်ဘက်က ပူးပေါင်းကူညီပေးနေပါတယ်၊ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး KOICA ရဲ့ အထောက်အပံ့နဲ့ ပူးပေါင်းလုပ်ဆောင်လျက်ရှိတဲ့ မြန်မာဆယ်မားအူးလ်အွန်ဒုန် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို ၂၀၁၄ ခုနှစ်ကနေစပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာ အောင်မြင်မှုများစွာ ရရှိနေပြီဖြစ်ပါတယ်၊ စီမံကိန်းကျေးရွာတွေကို နှစ်စဉ် မူလရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ စီကို ထောက်ပံ့ပေးခဲ့ပြီး အကဲဖြတ်အမှတ်ပေးပြီးနောက် ရလဒ်အပေါ်မူတည်ပြီး မူလရန်ပုံငွေအပြင် ဆုငွေတွေ ထပ်မံထောက်ပံ့ပေးခဲ့ပါတယ်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်လာတာ ယခုဆိုရင် တတိယနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီးဖြစ်ပါတယ်၊ အကဲဖြတ် အမှတ်ပေးရာမှာ အရေအတွက်ဆိုင်ရာ အမှတ်ပေးခြင်းသာမက အရည်အသွေးဆိုင်ရာ အမှတ်ပေးခြင်းတွေပါ ပြုလုပ်တဲ့အတွက် ကျေးရွာသူကျေးရွာသားတွေကို အပြုသဘောဆောင်တဲ့ ယှဉ်ပြိုင်ခြင်းစိတ်ဓာတ်တွေနဲ့ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ပိုမိုကြိုးစားချင်လာအောင် လှုံ့ဆော်ပေးနိုင်တဲ့အတွက် အလွန်ကောင်းမွန်တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်"ဟု ၄င်းက ပြောသည်။

မြန်မာနိုင်ငံအတွင်း ကျေးရွာ ၆၀၀၀၀ ကျော် ရှိသည့်အနက် KOICA ၏ အထောက်အပံ့ဖြင့် ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းကို ၂၀၁၄ ခုနှစ်က စစ်တမ်းများကောက်ယူကာ ၂၀၁၅ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ၂၀၁၉ အထိ ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၂ သန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုရှိ ကျေးရွာပေါင်း ၁၀၀ ၌ စီမံကိန်းကို ဆောင်ရွက်နေကြောင်း၊ စီမံကိန်းကို ပင်မလုပ်ငန်းကြီးလေးရပ်ဖြစ်သည့် ပင်မစီမံချက်ရေးဆွဲခြင်း၊ ကျေးရွာသစ်လှုပ်ရှားမှုသင်တန်းများ ပို့ချခြင်း၊ စံပြကျေးရွာများ ထူထောင်ခြင်း၊ စီမံကိန်းအကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုကလည်း "ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ စီမံကိန်းကာလ ပြီးသွားတဲ့အခါလည်း သင်တန်းကျောင်းကြီးနဲ့အတူ ကျေးရွာသစ်ခေါင်းဆောင်တွေကို ထပ်မံမွေးထုတ်မယ်၊ နောက်ထပ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ကို ဒီလုပ်ငန်းစဉ်တွေအတိုင်း အသုံးပြုပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်သွားမယ်၊ ကျေးရွာတွေရဲ့လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာတွေ ပြောင်းလဲသွားသလို စိတ်ဓာတ်ပိုင်းဆိုင်ရာတွေမှာ ပြောင်းလဲမှုတွေကလည်း အားရကျေနပ်စရာပါ၊ ရွာသူရွာသားတွေရဲ့ကိုယ်ကိုယ်တိုင်လုပ်မယ်၊ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးဖွားပေးနိုင်တဲ့ စီမံကိန်းဖြစ်တဲ့အတွက် ရာခိုင်နှုန်းပြည့်အောင်မြင်တဲ့စီမံကိန်းလို့ ဆိုရပါမယ်၊ လောလောဆယ်တော့ လက်ရှိ စီမံကိန်းဝင်ကျေးရွာ ၁၀၀ ကို စီမံကိန်းကာလပြီးသွားပေမယ့် ဆက်ပြီး ဒေသဖွံ့ဖြိုးရေးတွေ ဆက်လုပ်သွားအောင် ဌာနအနေနဲ့ ပူးပေါင်းဆောင်ရွက်မယ်၊ နောက်ထပ် ထောက်ပံ့နိုင်ဖို့အတွက် နိုင်ငံတော်ရဲ့ဘတ်ဂျက်ရအောင် အဆင့်ဆင့်တင်ပြဆောင်ရွက်သွားပါမယ်၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာတွေအကုန်ကို တတ်နိုင်သလောက် ဆောင်ရွက်သွားမယ်၊ လက်ရှိ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၀ ခုမှာ ဆောင်ရွက်နေပါတယ်၊ ကျန်ရှိတဲ့ နယ်စပ်မှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုးပွားကျယ်ပြန့်အောင် ဆောင်ရွက်ဖို့ရှိပါတယ်၊ လက်ရှိ ပဏာမလေ့လာတာတွေ သွားပြီး လုပ်ဆောင်ပြီး ဖြစ်ပါတယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေ၊ လွှတ်တော် ကိုယ်စားလှယ်တွေက ဖြစ်သင့်တဲ့နေရာတွေကို ရွေးချယ်မယ်၊ စံပြရွာဖြစ်တဲ့အတွက် သွားရေးလာရေး လွယ်ကူတဲ့နေရာ၊ အိမ်ခြေက နှစ်ရာ၊ သုံးရာ ရှိရမယ်၊ လူတွေရဲ့စိတ်တွေက အလုပ်လုပ်လိုတဲ့စိတ်၊ ကြိုးစားလိုတဲ့စိတ်ရှိတဲ့ ရွာမျိုးတွေ၊ စိုက်ပျိုးရေးအခြေခံကောင်းရှိတဲ့ရွာတွေကို ရွေးချယ်ပြီး ဦးစွာဆောင်ရွက်သွားမှာပါ"ဟု ပြောကြားသည်။

KOICA ၏ ဒုတိယဌာနေကိုယ်စားလှယ် Mr.Kim Ji Hoom ကလည်း "ကျေးရွာသူကျေးရွာသားတွေ ကိုယ်တိုင် ငါးနှစ်တာကာလအတွင်း အတွေ့အကြုံတွေနဲ့ နောက်ထပ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်နိုင်မယ်ဆိုတဲ့ ယုံကြည်မှုတွေ ရသွားတယ်၊ မြန်မာနိုင်ငံနဲ့ ကိုက်ညီတဲ့ ဆယ်မားအူးလ်အွန်ဒုန်ပုံစံကို လုပ်တဲ့အခါ အစိုးရအနေနဲ့ ပူးပေါင်းပါဝင်မှုရှိတဲ့အပြင် နောက်ထပ်လည်း အစိုးရအကူအညီနဲ့ လုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်သွားမယ်လို့ သိရတဲ့အတွက် ဒီစီမံကိန်းရဲ့ အသိသာဆုံး အောင်မြင်တဲ့အချက်လို့ ထင်ပါတယ်၊ စီမံကိန်းကာလအတွင်း လုပ်ဆောင်ခဲ့တာတွေကို ရေရှည်အတွက် ထိန်းသိမ်းပြီး စီမံကိန်းလွန်ကာလမှာလည်း ဒီအတိုင်းပဲ လုပ်ဆောင်သွားစေလိုပါတယ်၊ KOICA အနေနဲ့ တခြားကဏ္ဍတွေမှာ ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးရှိလာအောင် ကြိုးစားဆောင်ရွက်သွားပါမယ်"ဟု ပြောသည်။

KOICA အနေဖြင့် အဆိုပါစီမံကိန်းကို အာရှတွင် ကမ္ဘောဒီးယားနှင့် လာအိုတို့တွင်လည်း လုပ်ဆောင်နေသလို အာဖရိက၌လည်း လုပ်ဆောင်နေကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုကို အပိုင်းများခွဲ၍ ဆောင်ရွက်မည်



ပြုပြင်မှုများဆောင်ရွက်မည့် မြို့ပတ်ရထား လမ်းဆုံတစ်နေရာကို တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာ့မီးရထားသည် ရန်ကုန်မြို့ပတ်ရထားလမ်း (အနောက်ခြမ်း) အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရွာမကျောင်းလမ်းမှ ဆေးဝါးစက်ရုံလမ်း(ကြို့ကုန်း)အထိ လမ်းဆုံနေရာများ အဆင့်မြှင့်တင်ခြင်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၇ ရက်အတွင်း အပိုင်းများခွဲ၍ ဆောင်ရွက်သွားမည်ဟု သိရသည်။

ကြည့်မြင်တိုင်ဘူတာနှင့် အင်းစိန်ဘူတာအကြားရှိ ကားလမ်းနှင့် ရထားလမ်းဆုံနေရာများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အပိုင်းများခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး ရန်ကုန်မြို့ပတ်ရထားလမ်း၏ အတွင်းပတ်လမ်းဖြစ်သော ရွာမကျောင်းလမ်းတွင် အပိုင်းနှစ်ပိုင်းခွဲ၍ အပိုင်း(၁)ကို ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ၊ အပိုင်း(၂)ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၄ ရက်အထိ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ်အတွင်း လမ်းတစ်ခြမ်းပိတ် တစ်ခြမ်းဖွင့်စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကမာရွတ်ဘူတာရုံလမ်းနေရာ၌ အဆင့်မြှင့်ပြုပြင်မည့် လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်နှင့် အုတ်ကျင်း ဘူတာရုံလမ်းနေရာကို ဖေဖော်ဝါရီ ၃ ရက်မှ ၇ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါနေရာများတွင် လမ်းပိတ်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။

ပါရမီလမ်းဆုံနေရာ၌ အဆင့်မြှင့်တင်ခြင်းကိုနှစ်ပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး အပိုင်း(၁)ကို ဖေဖော်ဝါရီ ၃ ရက်မှ ၈ ရက်အထိ၊ အပိုင်း(၂)ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၄ ရက်အထိဖြစ်သည်။ ဆေးဝါးစက်ရုံ(ကြို့ကုန်း)နေရာတွင်လည်း အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး အပိုင်း(၁)ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်၊ အပိုင်း(၂)ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကာ ပါရမီလမ်းဆုံနှင့် ဆေးဝါးစက်ရုံ(ကြို့ကုန်း) နေရာများ၌ လမ်းတစ်ခြမ်းဖွင့် တစ်ခြမ်းပိတ်စနစ်ဖြင့် ဆောင်ရွက်မည်ဟု သိရသည်။

မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်အတွင်း လမ်းဆုံနေရာများ၌ ကားများကို လမ်းလွှဲများမှမောင်းနိုင်ရန် စီစဉ်ထားကြောင်း၊ လက်ရှိတွင် ရန်ကုန်မြို့ပတ်ရထားများမှာ အပြင်ပတ်လမ်းမှသာ သွားလာနေကြပြီး အတွင်းပတ်လမ်းမှာ အဆင့်မြှင့်တင်နေသည့်အတွက် လမ်းပိတ်ထားကြောင်းနှင့် ယခု အဆင့်မြှင့်တင်ပြုပြင်မည့် နေရာများမှာ အတွင်းပတ်လမ်း၏ လမ်းဆုံနေရာများဖြစ်ကြောင်း သိရသည်။

မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် ယာဉ်ကြောပိတ်ဆို့ချိန် ကြာမြင့်မှု မရှိစေရေးအတွက် မြန်မာ့မီးရထားဌာနနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများပါဝိုင်းဝန်းပူးပေါင်း၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား အောက်မြန်မာပြည်အုပ်ချုပ်ရေးဌာန အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း၏ ပြောကြားချက်အရ သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၉၀၀ | ကျပ် | ၉၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၀၀ | ကျပ် | ၇၄၅/၇၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၅/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၃၆ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၅ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၈၇ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၄ · ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၅ · ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၃၉၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၅ · ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၀ · ၆၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ · ၄၄၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ကြာတော့သည်လည်းမောင့်စကား ရုပ်ရှင်ဇာတ်ကားကြီး စတင် ရုံတင်ပြသ

ဆရာမ ဂျူး၏ ဝတ္ထုကို ဇာတ်ညွှန်း မိုးနီလွင် ရေးသား၍ ဒါရိုက်တာမီးပွား ရိုက်ကူးပြီး စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်းနှင့် ဖွေးဖွေးတို့ ပါဝင်သရုပ်ဆောင်ထားသည့် ‘ကြာတော့သည်လည်း မောင့်စကား’ ရုပ်ရှင်ကို ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ပြီး ဖေဖော်ဝါရီ ၁ ရက်မှစ၍ ရုံတင်ပြသနေပြီဖြစ်သည်။



အဆိုပါရုပ်ရှင်နှင့်ပတ်သက်၍ ဆရာမ ဂျူး၊ ယခင်က ရိုက်ကူးခဲ့သောရုပ်ရှင်တွင် သရုပ်ဆောင်ခဲ့သူ ရဲအောင်နှင့် ယခုရုပ်ရှင်တွင် သရုပ်ဆောင်ထားသည့် စိုင်းစိုင်းခမ်းလှိုင်တို့၏ အသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**ဆရာမ ဂျူး**

ဆရာမကတော့ ကိုယ့်ဝတ္ထုက တင်တင်ဇော် ဇာတ်ကောင်ကို ရေနံချောင်းသူပဲဖြစ်ဖြစ်၊ မေမြို့သူပဲဖြစ်ဖြစ်ပါ၊ တင်တင်ဇော်ရဲ့ စရိုက် စိတ်ခါတ်တွေ၊ မာန ခံစားချက်တွေက ဘယ်မြို့သူပဲဖြစ်ဖြစ် ရပါတယ်၊ တချို့ကတော့ ရေနံချောင်းသူတစ်ယောက်အနေနဲ့ ဖတ်ထားတော့ အစွဲအလမ်းကြီးကြတယ်၊ ဒါကြောင့် စိတ်အခန့်မသင့်တာတွေ ဖြစ်ကြတယ်၊ ဒီဇာတ်ကားကိုကြည့်ရင်တော့ တင်တင်ဇော်ဟာ တင်တင်ဇော်ပဲလို့ ခံစားမိမယ် ထင်ပါတယ်။

**ရဲအောင်**

ဒီ ‘ကြာတော့သည်လည်း မောင့်စကား’ကို ထပ်မံမွေးဖွားပေးတာလို့ ပြောလို့ရပါတယ်။ ဟိုအရင်တုန်းက ကျွန်တော်တို့ဖန်တီးခဲ့တဲ့ ဆရာမဂျူးရဲ့ ဇာတ်ကောင်တွေက ကိုရန်အောင်က နန္ဒပေါ့၊ ကျွန်တော်က ဖြိုးကျော်နေရာကပါ။ စိုးမြတ်သူဇာကတော့ တင်တင်ဇော်ပေါ့။ အခုကတော့ ဂီတလောကမှာ နေရာတစ်ခု ခိုင်ခိုင်မာမာ ရထားတဲ့ စိုင်းစိုင်းနဲ့ ထွန်းထွန်းတို့ ပါသလို သရုပ်ဆောင်ပိုင်းမှာ ပြောစရာမလိုတဲ့ ဖွေးဖွေးတို့က ဒီအနုပညာတွေ ပြန်လည်ဖန်တီးကြတယ်၊ ဒါကြောင့် ကျွန်တော်တို့က ပရိသတ်နေရာက အားပေးဖို့ လာခဲ့တာပါ၊ ဒီဇာတ်ကားကို ဒီဘက်ခေတ်ပုံစံမျိုးနဲ့ ဦးမီးပွားရဲ့ တင်ဆက်မှုတွေကို မြင်တွေ့ရမှာပါ။

**စိုင်းစိုင်းခမ်းလှိုင်**

မရိုက်ကူးခင်မှာလည်း ကျွန်တော် စိတ်လှုပ်ရှားပါတယ်၊ ဒီနေ့မှာ ယခင်သရုပ်ဆောင်ထားတဲ့ ကိုရန်လေး၊ ကိုရဲအောင်၊ မကြီးစိုးတို့ကို အတူ တစ်ပြိုင်တည်း တွေ့ဆုံရတဲ့အတွက် ဝမ်းသာပါတယ်၊ ကျွန်တော့်အနေနဲ့ နိုဝယ်ဆိုတဲ့ ငယ်ဘဝကောင်လေးတစ်ယောက်အပြင် နန္ဒဆိုတဲ့ ကောင်လေးနေရာက ပါဝင်သရုပ်ဆောင်ထားပါတယ်၊ အချစ်အတွက်ဆိုရင် မိုက်ရူးရဲဆန်တယ်၊ အတ္တကြီးတဲ့သူတစ်ယောက်ပေါ့၊ ကိုယ်ချစ်တဲ့သူကို မရရအောင် ယူတယ်ပေါ့၊ ဒီဇာတ်ကားမှာ တချို့အခန်းတွေမှာ အားမလိုအားမရတဲ့အခန်းတွေလည်း ရှိပါတယ်။ **ကိုလင်း**

# ‘ယအယ်နား’ ဟု အမည်ပေးထားသည့် စောလားထော်ဝါး၏ ဒုတိယမြောက်စီးရီး ထွက်ရှိ

Myanmar Idol Season(1) ၏ Winner ဆုရှင် အဆိုတော် စောလားထော်ဝါး၏ ပထမဆုံးစီးရီးဖြစ်သည့် ‘မင်းသိနိုင်မလား’ ထွက်ရှိခဲ့ပြီးနောက် ယခု ဒုတိယမြောက် တစ်ကိုယ်တော်အခွေဖြစ်သည့် ‘ယအယ်နား’ဟု အမည်ပေးထားသော စီးရီးကို Bo Bo Music တေးထုတ်လုပ်ရေးက ဖေဖော်ဝါရီ ၂ ရက်တွင် စတင်ဖြန့်ချိကြောင်း သိရသည်။

“ပြိုင်ပွဲပြီးပြီးချင်း ကျွန်တော့်ရဲ့ ပထမဆုံး တစ်ကိုယ်တော်ခွေလေးကို ဖန်တီးဖြစ်ခဲ့တယ်၊ သီချင်းလေးတွေမှာ လိုအပ်ချက်တွေရှိလို့ ပရိသတ်တွေကို တောင်းပန်ပါတယ်၊ အခု ဒုတိယမြောက်စီးရီးလေးကတော့ ကရင်ဘာသာနဲ့ဆို ‘ယအယ်နား’ပါ၊ မြန်မာလိုဆို ‘နင့်ကိုငါချစ်တယ်’ လို့ အဓိပ္ပါယ်ရပါတယ်၊ သီချင်းအားလုံးနီးပါးကတော့ မြန်မာစာသားလေးတွေပါပဲ၊ ယအယ်နား စာသားလေးကိုတော့ ကရင်ဘာသာလေးနဲ့ ဆိုထားတယ်၊ အဲဒီသီချင်းလေးကို တေးရေး ဆရာစောခူဆဲက ရေးသားထားတာပါ”ဟု စောလားထော်ဝါးက ပြောသည်။



သီချင်းများဖန်တီးမှုပိုင်းနှင့်ပတ်သက်၍လည်း စောလားထော်ဝါးက “သီချင်းတွေအကုန်လုံးကိုတော့ ကျွန်တော်ချစ်တဲ့ ပရိသတ်တွေရဲ့ရွေးချယ်ပေးမှုနဲ့ ဖန်တီးဖြစ်ခဲ့ပါတယ်၊ အထူးသဖြင့် ကျွန်တော့်ကို ပြိုင်ပွဲကနေစပြီး ယနေ့အထိ အားပေးခဲ့တဲ့ Fan တွေပါပဲ၊ သူတို့ကပဲ တေးရေးတွေဆီ သွားကြတယ်၊ ကျွန်တော့်အတွက် သီချင်းလေးတွေရွေးချယ်ပေးပြီး အပ်ကြတယ်၊ သူတို့ရွေးပေးတဲ့ သီချင်းလေးတွေကိုပဲ ကျွန်တော် သီဆိုဖြစ်တာပါ၊ ကျွန်တော် ဒီအခွေလေးကို နှစ်နှစ်ကျော်ကြာ ကြိုးစားဖန်တီးခဲ့တာပါ၊ အခုလိုမျိုး စီးရီးခွေလေးဖြစ်လာလိမ့်မယ်လို့တောင် မထင်ထားခဲ့ပါဘူး၊ အခုအခွေလေးမှာ ကိုယ်ပိုင်သံစဉ်သီချင်းလေးတွေချည်းပဲ လုပ်ထားပါတယ်၊ ပထမအခွေလေးတုန်းက သီချင်းဟောင်းလေးတွေ ပါခဲ့တယ်၊ အဆိုပိုင်းမှာ အရင်အခွေထက်ပိုပြီး ကျေနပ်မှုရှိပါတယ်”ဟု ဆက်ပြောပြသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၄ ပုဒ် ပါဝင်ပြီး တေးသီချင်းများကို တေးရေး-ရွှေဂျော်ဂျော်၊ စောခူဆဲလ်၊ စောနဲ့သာ၊ မိုင်မိုင်၊ ကောင်းဇော်၊ အမ်ဘရယ်အောင်၊ ရဲလေးနှင့် သောမတ်စ်တို့က ရေးသားပေးထားကြပြီး အခွေထွက်ရှိမည့် ဖေဖော်ဝါရီ ၂ ရက်(ယနေ့) ညနေ ၃ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ လှည်းတန်းရှိ လှည်းတန်းစင်တာ၌ Myanmar Idol မှ တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကာ အမှတ်တရ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# ထိုင်းနိုင်ငံ၌ကျင်းပသည့်ပြိုင်ပွဲတွင် အသက် လေးနှစ်မှ ငါးနှစ်ကြား Mini Miss ဆုကို ဖြူစင်ဟိန်းထက် ရရှိ

ထိုင်းနိုင်ငံ ဖူးခက်၌ ကျင်းပပြုလုပ်ခဲ့သော (၁၈)ကြိမ်မြောက် Prince & Princess International 2018 ပွဲကြီးတွင် အသက်လေးနှစ်မှ ငါးနှစ်ကြားရှိ ကလေးငယ်များ၏ ပြိုင်ပွဲတစ်ခုဖြစ်သည့် Mini Miss Southeast Asia 2018 ပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သူ မဖြူစင်ဟိန်းထက်က Mini Miss ဆုကို နိုင်ငံ ၄၈ နိုင်ငံကြားမှ ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

“ကြိုးစားခဲ့တာကတော့ တော်တော်ကို ကြိုးစားခဲ့ရပါတယ်၊ သမီးလေးက ဝါသနာအရမ်းပါတော့ သူ့ဆန္ဒကို မိဘဖြစ်တဲ့ ညီမတို့က လိုက်လျောပေးရတာပေါ့၊ သမီးက ပညာရေးဘက်မှာလည်း ကောင်းကောင်းလိုက်နိုင်တယ်၊ ပြီးတော့ သွက်လည်းသွက်တယ်ဆိုတော့ အခုလို ကလေးငယ်တွေအတွက် သီးသန့်ပြုလုပ်ပေးတဲ့ Mini Miss ပွဲတွေရှိတယ်ဆိုတော့ ယှဉ်ပြိုင်ဖို့ဖြစ်လာခဲ့တာပါ၊ ပြိုင်ပွဲက ခေါင်းစဉ်လေးခုနဲ့ ယှဉ်ပြိုင်ရတဲ့ ပွဲတွေပါ၊ အဲဒီလေးခုထဲမှာ နိုင်ငံတကာက အများဆုံးပြိုင်ကြတာက Mini Miss Southeast Asia ပွဲပါ၊ သူတို့ သတ်မှတ်ထားတာက နိုင်ငံပေါင်း ၄၂ နိုင်ငံ၊ ဒါပေမယ့် ဒီနှစ်မှာ ၄၈ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ကြတာ တွေ့ရတယ်၊ အဲဒီထဲကနေ သမီးလေးက ဒီဆုကို ရရှိခဲ့တာပါ”ဟု Mini Miss ဖြူစင်ဟိန်းထက်၏မိခင်ဖြစ်သူ ထက်သီရိလွင်က ပြောသည်။

Mini Miss Southeast Asia 2018 ဆုရှင် ဖြူစင်ဟိန်းထက်သည် တစ်ချိန်က လူငယ်များကြား နာမည်ရခဲ့သည့် အဆိုတော် ထက်သီရိလွင်(ခ)သီရိ၏ သမီးငယ်ဖြစ်ပြီး ထက်သီရိလွင်အနေဖြင့် Princess Hannah အမည်ဖြင့် အလှကုန်ပစ္စည်းများထုတ်လုပ်ရောင်းချရန်ရှိကာ ရရှိသည့်အကျိုးအမြတ်အချို့ကို ပရဟိတလုပ်ငန်းများတွင် ထည့်ဝင်လှူဒါန်းရန် ပြင်ဆင်နေကြောင်းလည်း သိရသည်။ **ကိုလင်း**

## ရုပ်ရှင်အညွှန်း

# ရိုးရာယုံကြည်မှု ထိတ်လန့်ဖွယ်ရာများဖြင့် ဖန်တီးထားသည့် လိပ်ပြာစံအိမ်

အနေအေးပြီး သားသမီးအပေါ် ယုယကြင်နာတတ်သူ မေနှင်း(ဝတ်မှုံရွှေရည်)၊ မေနှင်း၏ခင်ပွန်း သတင်းစာတစ်စောင်မှ ဓာတ်ပုံအယ်ဒီတာဖြစ်သူ (နိုင်းနိုင်း)နှင့် သူတို့၏ တစ်ဦးတည်းသောသမီးလေး သီရိတို့ သုံးဦး၏ ခိုင်မြဲသော မိသားစုဘဝလေးကို မထင်မှတ်ဘဲပြောင်းလဲဖို့ ကံကြမ္မာက ဖန်တီးပေးလိုက်သည့်အလား သီရိလေး ပညာသင်နေသည့် ကျောင်းတွင် ကလေးချင်းရန်ဖြစ်ရာမှ ကလေးမှာ ပုံမှန်မဟုတ်သောကြောင့် ကျောင်းမှထုတ်ရန် မိခင်ဖြစ်သူ မေနှင်းအား ကျောင်းအုပ်ဆရာမကြီးက ပြောဆိုလာသည်။

ထို့ကြောင့် မိသားစု အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရန်နှင့် ခင်ပွန်းဖြစ်သူ၏ လုပ်ငန်းများကို ထပ်မံတိုးချဲ့နိုင်ရန်အတွက် ရေနံချောင်းမြို့သို့ ပြောင်းလာကြပြီး သူငယ်ချင်းတစ်ဦး၏ အကူအညီဖြင့် ကိုလိုနီခေတ်လက်ရာများ ဖုံးလွှမ်းနေသော အိမ်ကြီးတစ်အိမ်တွင် နေထိုင်ခဲ့ကြသည်။ အိမ်ကြီးအတွင်း၌ ကိုလိုနီခေတ်ကကျန်ရှိခဲ့သည့် လက်ရာမွန်များနှင့်အတူ လွန်ခဲ့သော နှစ် ၅၀ ခန့်က နေထိုင်ခဲ့ကြသည့် မိသားစု၏ အဖြူအမည်း ဓာတ်ပုံအချို့ကိုလည်း နံရံတွင် စနစ်တကျ ချိတ်ဆွဲထားသည်ကို တွေ့ရသောကြောင့် ဓာတ်ပုံဆရာတစ်ဦးဖြစ်သည့် နိုင်းနိုင်းက နှစ်သက်သဘောကျကာ နဂိုအတိုင်း ချိတ်ဆွဲထားခဲ့သည်။

ဓာတ်ပုံများထဲတွင် သူတို့၏သမီးငယ် သီရိနှင့် သက်တူရွယ်တူ ယောက်ျားလေးနှစ်ယောက်နှင့် မိန်းကလေးတစ်ယောက်၊ အမျိုးသမီးအသွင်ဖြင့် ကလေးကို ပွေ့ဖက်ထားသူတစ်ဦးတို့၏ပုံကို တွေ့ရသည်။

တစ်ညတွင် သမီးငယ် သီရိလေးတစ်ယောက် အိပ်နေစဉ် အမြဲလက်ကိုင်ပွေ့ဖက်ထားသည့် ဘိုမရုပ်လေးကို ရုတ်တရက် တစ်ဦးတစ်ယောက်က ဆွဲငင်လုယူသွားသောကြောင့် သီရိလေးက အရုပ်ကိုပြန်ယူရန် ထိုအမည်မသိသူနောက်ကို လိုက်ပါသွားခဲ့သည်။

ထိုအချိန်မှစ၍ သီရိလေးသည် ညစဉ် ညအချိန်တွင် နိုးလာပြီး ဆော့ကစားခုန်ပေါက်ပြီး နံနက်အိပ်ယာထချိန်တွင် တုပ်တုပ်မျှမလှုပ်တော့ဘဲ နှစ်ခြိုက်စွာ အိပ်မောကျနေခဲ့သည်မှာ နေ့စဉ်ရက်ဆက်ဖြစ်လာခဲ့သည်။ ထိုအမူအရာကို ဖခင်ဖြစ်သူက မနှစ်မြို့လာသောကြောင့် သီရိလေးကို အမျိုးမျိုး စမ်းသပ်လေတော့သည်။

လိပ်ပြာစံအိမ်ဇာတ်ကားတွင် ကြင်နာတတ်သည့် မိခင်စိတ်၊ သားသမီးအပေါ် ပူပင်တတ်သည့် ဖခင်စိတ်တို့ကို မီးမောင်းထိုးပြထားပြီး ဒါရိုက်တာ၏ အံဝင်ခွင်ကျ ဇာတ်ရုပ်ရွေး ဖန်တီးမှု၊ သရုပ်ဆောင်များအပေါ် လွှမ်းမိုးမှုတို့ကို တွေ့ရသည်။ မီးအလင်းအမှောင်ပိုင်း သေသပ်သလို ပတ်ဝန်းကျင်အသံနှင့် အဓိကဇာတ်ကောင်များ ပြောဆိုသည့်အသံများ လုံးထွေးမှုမရှိသည်ကိုလည်း တွေ့ရသည်။ တွေ့မြင်နေကျ သရုပ်ဆောင်များလို အလှအပ အပေါ်ယံခြယ်သမှုတွေ မပါဘဲ သာမန်အမျိုးသမီး အသွင်အပြင်နှင့် ဝတ်မှုံရွှေရည်ကိုလည်း တွေ့ရသည်။ ဝတ်စားဆင်ယင်မှုပိုင်းတွင် အပိုအလိုမရှိစေဘဲ သရုပ်ဆောင်များကို မြင်နေကျ ဇာတ်ကောင်များထဲမှ ဆွဲထုတ်ဖယ်ရှားလိုက်နိုင်ခြင်း၊ ရုတ်တရက် ဇာတ်ကို အတက်အကျ ထိန်းနိုင်ခြင်း၊ ဇာတ်အိမ်ကို ပိရိခိုင်မာစွာ ပြနိုင်ခြင်းစသည့် ဒါရိုက်တာ၏ ဖန်တီးမှုများကိုလည်း တွေ့ရသည်။

တစ်ကားလုံးခြုံကြည့်လျှင် အကုန်လုံးနီးပါး ဟာကွက်မရှိအောင်ကောင်းမွန်သည်ဟု ဆိုနိုင်ပြီး စာရေးသူအနှစ်သက်ဆုံး ဇာတ်ဝင်ခန်းမှာ အဓိကဇာတ်ကောင်များဖြစ်ကြသည့် ဒေါင်းနှင့် ဝတ်မှုံရွှေရည်တို့နှစ်ဦး သားသမီးလုရသည့်အခန်းဖြစ်ကာ ဝတ်မှုံရွှေရည် ကြိုးစားထားမှုကို တွေ့ရသည်။ မိမိသမီးလေး၏လိပ်ပြာကို ပြန်လည်ရယူရန် ဘဝခြားနေသော ဒေါင်းနှင့် အပြန်အလှန် တိုက်ခိုက်ရသည့် ဇာတ်ဝင်ခန်းတွင် အနုပညာရှင်တစ်ဦး၏ ပုန်းကွယ်နေသော အရည်အသွေးတွေကို အစွမ်းကုန်ထုတ်ပြထားသည်ဟု ယူဆမိသည်။




လိပ်ပြာစံအိမ် ဇာတ်ကား၏ ဒါရိုက်တာမှာ ‘ဘန်ကောက်မှ မန္တလေးသို့’ ရုပ်ရှင်ကို ရိုက်ကူးခဲ့သည့် ထိုင်းလူမျိုးဒါရိုက်တာဖြစ်ကာ မကျွတ်လွတ်သေးသော ပရလောကသားများ၏ အစွဲအလမ်းကြီးမားမှု၊ အယူတိမ်းမှုကြောင့် ဝိညာဉ်ဘဝနှင့် နေထိုင်ရပုံများ၊ စိတ်စွမ်းအားနည်းပါးမှုကြောင့် ဖြစ်ပေါ်တတ်သော သဘောသဘာဝများ စသည်တို့ကို မြန်မာ့ရိုးရာယုံကြည်မှု အသွင်အပြင်များ မပျောက်ပြယ်စေဘဲ ရိုက်ကူးပုံဖော်ထားသည့် ဇာတ်လမ်းဟုလည်း ဆိုနိုင်သည်။ Brave Empire ရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ရုပ်ရှင်ဖြစ်သည့် လိပ်ပြာစံအိမ် ရုပ်ရှင်ဇာတ်ကားကြီးကို ယခုလ ၈ ရက်နေ့တွင် စတင် ရုံတင်ပြသတော့မည်ဖြစ်သည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# မမှတ်မိနိုင်လောက်အောင် ပိန်ကျသွား၍ စလင်းဒီယွန် ဝေဖန်ခံရ

စလင်းဒီယွန်ကို အလွန်ပိန်သွားတာပဲလို့ လူတွေကထင်နေကြပေမယ့် သူကတော့ လုံးဝအရေးမစိုက်ပါဘူး။ အဆိုတော် စလင်းဒီယွန်ရဲ့ဓာတ်ပုံတွေမှာ အလွန်ပိန်ကျသွားတာကိုတွေ့ရပါတယ်။ အရင်တုန်းကထက် အဆမတန်ပိန်သွားတာပါ။ အဲဒီအတွက်လည်း စလင်းဒီယွန်ကို ဝိုင်းပြီးဝေဖန်နေကြပါတယ်။ မကြာသေးခင်ကမှ The Sun နဲ့ ပြုလုပ်ခဲ့တဲ့အင်တာဗျူးမှာတော့ စလင်းဒီယွန်ဟာ အဲဒီဝေဖန်မှုတွေအားလုံးကို ငြင်းပယ်လိုက်ပါတယ်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောစရာလည်းမရှိဘူး။ စိတ်လည်းမပူကြပါနဲ့၊ ဓာတ်ပုံလည်းမရိုက်ကြပါနဲ့" လို့ ပြောခဲ့ပါတယ်။ စလင်းဒီယွန်ဟာ အခုအခါအသက် ၅၀ အရွယ်ရှိပြီး အခုလက်ရှိ ပိန်ပိန်ပါးပါးပုံစံဟာ သူ့ကို ဆွဲဆောင်မှုရှိစေတယ်လို့ သူကပြောပါတယ်။ "ကျွန်မကိုယ့်အတွက်ကိုယ် လုပ်နေတာပါ။ ကျွန်မက ဒီထက်ပိုပြီးသန်မာချင်တယ်။ ပိုလှချင်တယ်။ ပိုပြီးမိန်းမဆန်ချင်သလို ပိုပြီးတော့လည်း ဆွဲဆောင်မှုရှိချင်တယ်" လို့ ပြောပါတယ်။

ဒါပေမယ့် အခုလက်ရှိ သူ့ရဲ့ပုံစံနဲ့ပတ်သက်ပြီးတော့ သူကောင်းကောင်းသိပါတယ်။ "လက်ရှိ ကျွန်မပုံစံကို ကြိုက်ရင် ဒါဟာ ဝမ်းသာစရာပဲ၊ တကယ်လို့များ လက်ရှိကျွန်မပုံစံကိုမကြိုက်ဘူးဆိုရင်တော့ ကျွန်မကို တစ်ယောက်တည်းပဲ ထားခဲ့လိုက်ပါလို့ " စလင်း ဒီယွန်က ပြောခဲ့ပါတယ်။ နောက်ပြီး သူ့ရဲ့မိသားစုဘဝနဲ့ ဆက်စပ်ပြီးတော့လည်း သားဖြစ်သူ ဟာ အသက် ၁၈ နှစ်ပြည့်သွားပြီဖြစ်တဲ့အကြောင်း ပြောပြခဲ့ပါတယ်။ စလင်းဒီယွန်ရဲ့အမျိုးသားဟာ သူ့ထက်အနှစ် ၂၀ ကြီးပြီး ၂၀၁၆ခုနှစ်ကပဲ လည်ချောင်းကင်ဆာနဲ့ ကွယ်လွန်သွားခဲ့ပြီဖြစ်ပါတယ်။

**စီအင်န်အင်န်**



အဆိုတော် စလင်းဒီယွန်


# တက်တူးစာလုံးပေါင်းအမှားကို အာရီယာနာဂရန်ဒီ ပြင်ဆင်ဖို့ကြိုးစား

အဆိုတော်အာရီယာနာဂရန်ဒီဟာ သူ့ရဲ့လက်ချောင်းပေါ်မှာ 7Rings လို့ အဓိပ္ပာယ်ရတဲ့စာကို ဂျပန်ဘာသာနဲ့ တက်တူးထိုးခဲ့ပေမယ့် စိတ်မကောင်းစွာဘဲ စာလုံးပေါင်းမှားခဲ့ပါတယ်။ အဲဒီလို စာလုံးပေါင်းမှားသွားတဲ့ကိစ္စဟာ လူမှုမီဒီယာတွေအပေါ်မှာ ဟာသသဖွယ်ပျံ့နှံ့သွားခဲ့ပါတယ်။

အာရီယန်နာထိုးခဲ့တဲ့ဂျပန်စာနဲ့တက်တူးဟာ 7Rings လို့ အဓိပ္ပာယ်မပေါက်ဘဲ ဂျပန်လို ဂျပန်စတိုင်အသားကင်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီနောက်မှာတော့ အာရီယာနာဂရန်ဒီဟာ စာလုံးပေါင်းအမှန်ပြန်ပြင်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ကြာသပတေးနေ့ကတော့ အာရီယာနာဂရန်ဒီဟာ စာလုံးပေါင်းအမှန်ပြင်ထားတဲ့ တက်တူးကို အင်စတာဂရမ်ပေါ်တင်ခဲ့ပြီး အနာသက်သာစေတဲ့အတွက်လည်း ဆရာဝန်ကို ကျေးဇူးတင်ပါတယ်လို့ ရေးသားခဲ့ပါတယ်။

အရင်စာလုံးပေါင်းအမှားနဲ့ တက်တူးထိုးတဲ့ ပုံတင်တုန်းကတော့ အာရီယာနာကို ဝိုင်းဝန်းလှောင်ပြောင်မှုတွေများခဲ့ပြီး အဲဒီနောက် ပို့စ်ကို ဖျက်ပစ်လိုက်ပါတယ်။ ဂျပန်စာတတ်တဲ့သူရဲ့အကူအညီနဲ့ တက်တူးအမှန်ဖြစ်ဖို့ ပြန်ပြင်ခဲ့ပေမယ့် မှားနေသေးတယ်ဆိုတဲ့ဝေဖန်မှုတွေလည်း တွေ့နေရပါသေးတယ်။

**စီအင်န်အင်န်**



အဆိုတော် အာရီယာနာဂရန်ဒီ



# လက်တွေ့အသုံးနှင့် အဓိပ္ပာယ် (၆)

**မောင်ခင်မင် (ဓနုဖြူ)**

" စကားပြောတဲ့အခါမှာ ပြောသူရော နားထောင်သူရော နှစ်ယောက်လုံးနားလည်ထားပြီးသား အကြောင်းအချက်တွေ ထည့်ပြောစရာမလိုတာ၊ လိုတဲ့အချက်ပဲ ထည့်ပြောတာပုံမှန်နည်းလမ်းပါပဲ။ ထည့်မပြောပေမယ့် နားထောင်သူက သူ့ဘာသာဖြည့်ပြီး နားလည်သွားတာသဘာဝပဲလေ"

" ရှင်းပြပါဦး ဘဘ "

" သူငယ်ချင်း နှစ်ယောက် စကားပြောတယ်ဆိုပါတော့။ တစ်ယောက်က 'ရုပ်ရှင်သွားကြည့်ရအောင်' လို့ပြောတာကို တစ်ယောက်က ' ငါက စာမေးပွဲနီးနေပြီ ' လို့ပြန်ပြောရင် 'ရုပ်ရှင်မလိုက်တော့ဘူး ' လို့ငြင်းတဲ့အဓိပ္ပာယ်ဆိုတာ ပထမပြောတဲ့ သူက နားလည်မှာပဲမဟုတ်လား "

" ဟုတ်ပါတယ် ဘဘ "

"ဘယ်လိုကြောင့် နားလည်တာလို့ထင်သလဲ "

" သြော်...စာမေးပွဲနီးတဲ့ အချိန်မှာစာမကျက်ဘဲ ရုပ်ရှင်သွားကြည့်ရင် စာကျက်ဖို့အချိန်လျော့သွားမယ်ဆိုတဲ့အချက်ကို နှစ်ယောက်စလုံးနားလည်ပြီးသားမို့ ငြင်းတဲ့အဓိပ္ပာယ်ဖြစ်တယ်ဆိုတာ နားလည်တာပါ ဘဘ"

" ဟုတ်ပါပြီ။ အဲဒီလို ထည့်ပြောစရာမလိုတဲ့ စကားကို တမင်ထည့်ပြောရင် ရယ်စရာဖြစ်တတ်တယ်ဆိုတာ ဟာသဝတ္ထုတွေမှာ တွေ့ရတတ်တယ်။ ဘဘတို့ ငယ်ငယ်က အင်မတန်သဘောကျတဲ့ 'ကြပ်ကလေး' ဆိုတဲ့ ဟာသစာရေးဆရာကြီးရေးတဲ့ 'တိတိကျကျ' ဆိုတဲ့ ဝတ္ထုကို သတိရတယ်။ အဲဒီထဲမှာ စကားကို တိတိကျကျပြောတတ်တဲ့ အဘိုးကြီးတစ်ယောက်နဲ့ အိမ်လာလည်တဲ့ လူငယ်တစ်ယောက်ပြောတဲ့စကားကို ဘဘဖတ်ပြမယ်။ နားထောင်နော် "

" ဟုတ်ကဲ့ပါ "

" ဧည့်ခန်းမှာ ထိုင်နေကြတုန်း လူငယ်က ဆေးလိပ်သောက်ချင်လို့ ' ဦး မီးတစ်တို့ပေးပါ ' လို့ တောင်းလိုက်တယ်။ အဘိုးကြီးကလည်း ဆေးပြင်းလိပ်ကြီးခဲထားတာကိုး "

" ဟုတ်ကဲ့ "

" အဲဒီတော့ အဘိုးကြီးကပြန်မေးတယ် ' ဘာနဲ့တို့မှာလဲ ' တဲ့ "

" သြော် "

" လူငယ်ကလည်း အဘိုးကြီးအထာကိုသိသွားတော့ တိတိကျကျပြန်ပြောတယ် "

" ဦး ဆေးလိပ်နဲ့ ကျွန်တော်ဆေးလိပ် ထိပ်ချင်းတို့မယ်တဲ့ "

" ဟား...ဟား "

" သမီးတောင် ရယ်နေပြီ မဟုတ်လား။ ဒီတော့ အဘိုးကြီးက ' ကောင်းပြီ၊ ရော့ ' ဆိုပြီး သူ့ဆေးပြင်းလိပ်ကြီးပေးလိုက်တယ်။ လူငယ်က တစ်တို့ပဲတို့ရသေးတယ်။ မီးမစွဲသေးဘူး။ အဘိုးကြီးက ' တော်ပြီပေါ့ကွာ၊ တစ်တို့ပဲ၊ မင်းကမီးတစ်တို့ဆို၊ အခုဟာတစ်တို့ပေါ့' လို့ပြန်ပြောပြီး ဆေးလိပ်ကိုပြန်ယူမလို့လုပ်ရော "

" တော်တော်တိကျတာပဲနော် "

" အဲဒီတော့မှ လူငယ်သဘောပေါက်ပြီး ပြည့်ပြည့်စုံစုံ၊ တိတိကျကျ ပြန်ပြောတယ် "

" ဘယ်လိုပြောသလဲ ဘဘ "

" ' ကျွန်တော့်ဆေးလိပ်မီးညှိသည့်တိုင်အောင် အဆက်မပြတ်တို့ထားမည်ဖြစ်တဲ့ မီးတစ်တို့ကို ကျွန်တော် ပြုအပ်ပါရစေ။ ဦးလက်ထဲက ဆေးလိပ်ကို မီးနဲ့တကွ ကျွန်တော့်ကိုခဏပေးထားပါ ' တဲ့ဗျာ "

" ရယ်ရတယ်နော် ဘဘ၊ ဟားဟားဟား"

" ဆရာကြီးက ဟာသဝတ္ထုမို့ရယ်ရအောင်တမင်ရေးတာပါ။ အပြင်မှာ အဲဒီလိုပြောရင် ကြားတဲ့သူက 'ဒီလူ စိတ်မှကောင်းရဲ့လား ' လို့ ထင်စရာပေါ့။ ပုံမှန်ဆိုရင်တော့ နှစ်ယောက်နားလည်ပြီးသား ထည့်ပြောဖို့မလိုတဲ့ အချက်တွေကို ထည့်မပြောကြဘူးလေ"

" နားလည်ပါပြီ ဘဘ "

" ကဲ စကားပြောတဲ့သူ နှစ်ယောက် မျက်နှာချင်းဆိုင် ပြီး တိုက်ရိုက်ပြောဆိုတဲ့အခါမှာ လက်တွေ့သုံးတဲ့စကား တွေကို အခုဆက်ပြီး ကြည့်ရအောင်။ သမီးနဲ့ သမီး သူငယ်ချင်းနဲ့ မျက်နှာချင်းဆိုင်ပြီးပြောရင် သမီးတို့စကား ထဲမှာ မပါမဖြစ်ပါတဲ့စကားတွေရှိတယ်။ သမီးကိုယ်သမီး ရည်ညွှန်းတဲ့စကားရယ်၊ သမီးနဲ့ပြောနေတဲ့သူငယ်ချင်းကိုရည်ညွှန်းတဲ့စကားရယ်၊ တခြားသူတွေကိုရည်ညွှန်းတဲ့ စကားရယ်ဆိုပါတော့။ အဲဒီစကားတွေကို မသုံးမဖြစ်သုံးရတယ်မဟုတ်လား "

" ဟုတ်ပါတယ် ဘဘ "

"သမီးသူငယ်ချင်းတစ်ယောက်ယောက်နဲ့ ပြောတဲ့အခါ သမီးကိုယ်သမီးဘယ်လို ရည်ညွှန်းပါလိမ့် "

" ရင်းနှီးတဲ့သူငယ်ချင်းနဲ့ပြောရင်တော့ ' ငါ ' လို့ ပြောတာပေါ့ ဘဘ။ သိပ်မရင်းနှီးရင်တော့ ' ကျွန်မ ' လို့ပြောပါတယ် "

" ဘဘက သူငယ်ချင်းနဲ့ပြောတာကို နမူနာပြလို့ သမီးက သူငယ်ချင်းနဲ့ပြောရင် ကိုယ့်ကိုယ်ကိုယ် ဘယ်လို ညွှန်းတယ်ဆိုတာ ပြောတာပေါ့။ သူငယ်ချင်းမဟုတ်ဘဲ တခြားသူတွေနဲ့ ပြောရင်လည်း အညွှန်းစကားကို ဆီလျော်အောင်ပြောရင် ပြောရမှာပေါ့။ ဟုတ်တယ်မဟုတ်လား "

"ဟုတ်ပါတယ် ဘဘ။ ဖေဖေ မေမေ တို့လို၊ ကိုကို မမ တို့လို လူကြီးတွေနဲ့ ပြောရင်တော့ 'သမီးက၊ ညီမက' လို့ ကိုယ့်ကိုယ်ကိုယ် ညွှန်းပါတယ်"

"ဘုန်းတော်ကြီးကို လျှောက်ရင်ကော"

"တပည့်တော်မက လို့ လျှောက်ပါတယ် ဘဘ"

"ဆိုလိုတာက ဘဘတို့မြန်မာစကားရဲ့ စနစ်အရ စကားပြောတဲ့အခါ တိုက်ရိုက်မျက်နှာချင်းဆိုင်ပြောသူရဲ့ အသက်အရွယ်တို့၊ ဂုဏ်အဆင့်အတန်းတို့၊ ရင်းနှီးမှုတို့၊ ယောကျ်ားမိန်းမကွဲပြားမှုတို့ကိုလိုက်ပြီး ပြောသူတွေက ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းတဲ့ အညွှန်းစကားအမျိုးမျိုး၊ အလဲအလှယ်သုံးရတယ်လို့ ဆိုလိုတာပါ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ ကိုယ်ပြောတဲ့စကားကို တိုက်ရိုက်နားထောင်နေတဲ့သူကိုလည်း အညွှန်းစကားအမျိုးမျိုးနဲ့ ခေါ်တယ်မဟုတ်လား။ 'နင်' တို့၊ 'မင်း' တို့၊ 'ညည်း' တို့ကတော့ တရင်းတနှီး ပြောတာပေါ့။ 'ခင်ဗျား' တို့၊ 'ရှင်' တို့၊ 'အရှင်ဘုရား' တို့လည်း သုံးတာပေါ့။ ရိုသေလေးစားတဲ့ သဘောပါတဲ့ အသုံးတွေပေါ့"

"ဟုတ်ကဲ့ပါ"

"သဒ္ဒါအရတော့ အဲဒီစကားတွေကို နာမ်စားလို့ ခေါ်တယ်မဟုတ်လား။ မြန်မာစကားရဲ့ နာမ်စားစနစ်မှာ ခုနပြောသလိုပဲ စကားပြောသူတွေရဲ့ အသက်အရွယ်၊ ဂုဏ်အဆင့်အတန်း၊ ရင်းနှီးမှု၊ ကျားမ ကွဲပြားမှုဆိုတာတွေကိုလိုက်ပြီး နာမ်စားတွေကို သူ့နေရာနဲ့သူ သုံးရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီနာမ်စားတွေအပြင် အခုဆိုရင် ဆွေမျိုးစပ်စကားတွေ၊ အလုပ်အကိုင်ဖော်ပြတဲ့ စကားတွေကိုပါ သုံးနေပြီလေ။ အထင်ရှားဆုံးက ဒီနေ့အမျိုးသမီးကလေးတွေက ကိုယ့်ကိုယ်ကိုယ် 'သမီး' လို့ သုံးတာ တွင်ကျယ်နေပြီ။ အမျိုးသားကလေးတွေကလည်း ကိုယ့်ကိုယ်ကိုယ် 'သား' လို့ သုံးနေကြပြီ။ ဒီအသုံးတွေ တွင်ကျယ်လာတာ မကြာသေးဘူးလေ။ ကိုယ်က ပြောရင်လည်း ကိုယ့်ကိုယ်ကိုယ် 'သမီးက၊ သားက' လို့ ညွှန်းသလို ကိုယ်နဲ့ပြောတဲ့သူကိုလည်း 'သမီးက'၊ 'သားက' လို့ ညွှန်းနေကြပြီလေ။ တခြား ဆွေမျိုးစပ်စကားတွေ 'ဘိုးဘိုး၊ ဘဘ၊ အဘ၊ ဖေဖေ၊ မေမေ၊ ဦးဦး၊ ဒေါ်ဒေါ်၊ အန်တီ၊ လေးလေး စသည်ဖြင့်ပေါ့ ဆွေမျိုးစပ်စကားတွေကို နာမ်စားသုံးပြီး ပြောလို့ရတယ်လေ"

"ဟုတ်ကဲ့ပါ"

"အလုပ်အကိုင်ဖော်ပြတဲ့ စကားတွေလည်း သုံးပါတယ်။ 'ဆရာက'၊ 'ဆရာမက' ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းသလို ကိုယ်နဲ့ ပြောတဲ့သူကိုလည်း ရည်ညွှန်းပြောတာ အသုံးတွင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် 'ဗိုလ်ကြီးက၊ ဒေါက်တာက' လို့ မရည်ညွှန်းပေမယ့် ကိုယ်နဲ့ပြောနေတဲ့သူကိုတော့ 'ဗိုလ်ကြီးကို ပြောချင်တာက၊ ဒေါက်တာကို မေးချင်တာက' ဆိုတာမျိုးသုံးနေပါပြီ"

"ဟုတ်ကဲ့ပါ"

"တခြားသူကို တိုက်ရိုက်ရည်ညွှန်းရင်တော့ 'သူ' လို့ပဲ ရည်ညွှန်းတယ်။ သိပ်ထွေထွေထူးထူး ပြောစရာမရှိပါဘူး။ ဒီနေရာမှာ ပြောသူနဲ့ နားထောင်သူဆိုတဲ့ စကားပြောသူနှစ်ယောက်ရဲ့ စကားသုံးပုံနဲ့ ပတ်သက်ပြီး ထူးခြားတာကလေးတွေ သတိပြုမိတာ ပြောရဦးမယ်"

"ပြောပြပါ ဘဘ"

"မင်း-ငါ ဆိုတဲ့အသုံးဟာ ပုံမှန်တော့ သက်တူရွယ်တူချင်း သုံးတာပေါ့။ သိပ်ခင်မင်ရင်းနှီးတဲ့သူချင်း အသက်ကွာပေမယ့် မင်းနဲ့ငါနဲ့ ပြောတာ နင်နဲ့ငါနဲ့ ပြောတာလည်း ရှိတာပဲလေ။ တချို့ညီအစ်ကိုမောင်နှမချင်း အသက်ကွာပေမယ့် အဲဒီလိုရင်းရင်းနှီးနှီး ပြောတယ်မဟုတ်လား။ 'မမ' နင့်အင်္ကျီဘယ်မှာလဲဆိုတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ"

"တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းစမှာ 'ခင်ဗျား၊ ကျွန်တော်' ပြောပေမယ့် ရင်းနှီးလာတဲ့အခါ 'မင်း-ငါ' လို့ ပြောင်းပြောတာမျိုးတွေလည်း ရှိတယ်။ ရင်းနှီးတဲ့ မိန်းကလေးတွေချင်း နာမ်စားနေရာမှာ နာမည်ထဲက စကားတစ်လုံး နှစ်လုံး ယူပြီး 'ချိုက' တို့ 'မိက' တို့ ဆိုတာမျိုးလည်း ပြောတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"မှတ်သားစရာတစ်ခုက မြန်မာစကားမှာ အဲဒီ တိုက်ရိုက်အညွှန်းစကားသုံးပုံက ဝယဝုဒ္ဓိ အသက်ကြီးချင်းဆိုတဲ့ဂုဏ်ကို ဂုဏဝုဒ္ဓိဂုဏ် အဆင့်အတန်းမြင့်ခြင်းဆိုတဲ့ ဂုဏ်ထက်ပိုပြီး အလေးထားတယ်ဆိုတဲ့အချက်ပဲ"

"ရှင်းပြပါ ဘဘ"

"ဆိုပါတော့ကွယ်။ ရုံးတစ်ရုံးမှာ အသက်ကြီးတဲ့ ရုံးစောင့်ကြီးက အသက်ငယ်တဲ့ အရာရှိကို 'ငါ့တူ' လို့ခေါ်ရင် ရိုင်းရာမကျဘူး။ အဲဒီအသက်ငယ်တဲ့ အရာရှိကလည်း ရုံးစောင့်အဘိုးကြီးကို 'ဦးကြီးက၊ ဘကြီးက' ဆိုတာမျိုး ခေါ်လို့ရတယ်။ ဒါပေမယ့် ရာထူးအဆင့်အတန်းမြင့်တဲ့ အရာရှိက ကိုယ့်ထက် အသက်ကြီးတဲ့ ရုံးစောင့်ကြီးကို 'မင်းက၊ ငါက' လို့ ပြောလေ့မရှိဘူး။ အဲဒီလိုပြောရင် ရိုင်းရာကျတာပေါ့။ ဒါကြောင့် မြန်မာတွေက အသက်ကြီးတဲ့ဂုဏ်ကို အဆင့်အတန်းမြင့်တဲ့ ဂုဏ်ထက်ပိုအလေးထားတယ်လို့ ဆိုနိုင်တာပေါ့"

"မှတ်သားစရာပါ ဘဘ"

"နောက်တစ်ချက်က အင်္ဂလိပ်စကားမှာ ပြောသူနဲ့ နာသူနာမ်စားက I နဲ့ You နှစ်ခုပဲ ရှိတယ်။ အသက်အရွယ် မရွေး၊ ကျားမ မရွေး ဒီလိုပဲသုံးတယ်။ မြန်မာစကားမှာတော့ သမီးတွေ့ခဲ့တဲ့အတိုင်း နာမ်စားတွေအများကြီးရှိတယ်။ သူ့နေရာနဲ့သူသုံးတာ ဒါကို ကြည့်ပြီး မြန်မာစကားက အင်္ဂလိပ်စကားထက် နာမ်စားကြွယ်ဝတယ်လို့ တချို့ ဂုဏ်ယူပြောလေ့ရှိတယ်။ တကယ်ကတော့ နာမ်စားစနစ်ချင်း ဘာသာစကားတစ်ခုနဲ့ တစ်ခု ကွဲပြားတာပါပဲ။ တခြားဘာသာစကားတွေမှာလည်း တခြားနာမ်စားစနစ်တွေ ရှိတာပဲ။ ဘာသာစကားအမြင်အရတော့ အားလုံးတန်းတူရည်တူပါပဲဆိုတဲ့ အချက်ပါပဲကွယ်"

> **"ဆိုလိုတာက ဘဘတို့ မြန်မာစကားရဲ့ စနစ်အရ စကားပြောတဲ့အခါ တိုက်ရိုက်မျက်နှာချင်းဆိုင်ပြောသူရဲ့ အသက်အရွယ်တို့၊ ဂုဏ်အဆင့်အတန်းတို့၊ ရင်းနှီးမှုတို့၊ ယောကျ်ားမိန်းမကွဲပြားမှုတို့ကိုလိုက်ပြီး ပြောသူတွေက ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းတဲ့ အညွှန်းစကားအမျိုးမျိုး အလဲအလှယ်သုံးရတယ်လို့ ဆိုလိုတာပါ"**

ဖြိုး

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ခ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိနှင့် လိုအပ်သည့် စစ်ဆေးရေးအရာရှိတို့ကို အေဂျင်စီ၏ တင်ပြချက်အရ ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ဗဟိုကော်မတီနှင့် အေဂျင်စီတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်းတို့ကို မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) အမှတ်တံဆိပ်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန်သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) အေဂျင်စီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၇)
## မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များ

၁၃။ အမှတ်တံဆိပ်တစ်ခုခုသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် မပြုရ -

(က) သိသာထင်ရှားမှု မရှိခြင်း၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန် သို့မဟုတ် အခြားသောလက္ခဏာများကို ဖော်ပြသည့် အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များသာ ပါဝင်ခြင်း၊

ခြွင်းချက်။ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အချက်များသည် အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လျှင် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခွင့်မရှိစေရ -

(၁) အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်မတိုင်မီ ယင်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှု ရှိနေခြင်း၊

(၂) နိုင်ငံတော်၏ ကုန်သွယ်မှုနယ်ပယ်၌ လျှောက်ထားသူက ယင်းအမှတ်တံဆိပ်ကို သဘောရိုးဖြင့် တစ်ဆက်တည်း၊ တစ်ဦးတည်း သီးသန့်အသုံးပြုလျက်ရှိခြင်း။

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုဖြစ်စေ၊ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ၊ တိုင်းရင်းသားများ၏ အမွန်အမြတ်ထားအပ်သော ရိုးရာဓလေ့ကိုဖြစ်စေ ထိပါးစေနိုင်ခြင်း၊

(ဃ) မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်းဖြစ်လာခြင်း၊

(င) ပုဒ်မခွဲ (ခ) နှင့် စပ်လျဉ်း၍ အများပြည်သူ သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်ကို ထင်ယောင်ထင်မှားဖြစ်စေရန် လှည့်ဖြားထားခြင်း၊

(စ) သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတစ်နိုင်ငံ၏ အလံ၊ အထိမ်းအမှတ်ဆိုင်ရာအသွင်အပြင်၊ အခြားအမှတ်တံဆိပ်သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံက သတ်မှတ်ထားသည့် ကွပ်ကဲမှု သို့မဟုတ် အာမခံချက်ကို ဖော်ပြထားသော တရားဝင်သင်္ကေတ သို့မဟုတ် အရည်အသွေးအာမခံ အမှတ်တံဆိပ် စသည်တို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်များ၊ အလံများ၊ အခြားအမှတ်တံဆိပ်၊ အမည် သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အတိုကောက်အမည်တို့ကိုလည်းကောင်း အပြည့်အစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်ကူးယူခြင်း၊ တုပခြင်း သို့မဟုတ် ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊

(ဆ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ်သင်္ကေတများကို အသုံးပြုထားခြင်း။

၁၄။ အမှတ်တံဆိပ်တစ်ခုခုသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ဆက်စပ်သောအကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် မပြုရ -

(က) အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၊ ဦးစွာလျှောက်ထားသော အမှတ်တံဆိပ် သို့မဟုတ် ဦးစားပေးအခွင့်အရေး လျှောက်ထားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် သုံးစွဲသူများ ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အခွင့်အရေး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အမှတ်အသားကို အသုံးပြုထားခြင်း၊

(ဂ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မူပိုင်ခွင့်ကို ထိပါးချိုးဖောက်မှု ဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(ဃ) အမှတ်တံဆိပ်ကို မရိုးမဖြောင့်သော သဘောဖြင့် မှတ်ပုံတင်လျှောက်ထားခြင်း၊

(င) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်သည့်အပြင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများလည်း ထပ်တူ သို့မဟုတ် အလားတူဖြစ်နေသဖြင့် သုံးစွဲသူများအား ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

(စ) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် မှတ်ပုံတင်ထားသည့်ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်ပြီး ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ မတူညီသော်လည်း ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်းပြသကဲ့သို့ ဖြစ်နိုင်ခြင်းနှင့် အဆိုပါ အသုံးပြုမှုသည် မှတ်ပုံတင်ပြီးသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

## အခန်း (၈)
## လျှောက်ထားခြင်း

၁၅။ ဤဥပဒေအရ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိရန် မှတ်ပုံတင်လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၆။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင် လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၇။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည် -

(၁) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့် နေရပ်လိပ်စာ၊

(၃) ကိုယ်စားလှယ် လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ၊

(၄) အမှတ်တံဆိပ်၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(၅) အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်အမျိုးအစား အုပ်စုခွဲခြားခြင်းအရ အုပ်စုအလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ရန် တောင်းဆိုသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမည်နှင့် အမျိုးအစားများ၊

(ခ) ပုဒ်မခွဲ (က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည် -

(၁) တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၂) ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့်အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေးတောင်းဆိုချက်၊

(၃) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၄) လျှောက်ထားသည့် အမှတ်တံဆိပ်သည် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ဖြစ်ပါက ယင်းသို့ မှတ်ပုံတင်ထားကြောင်း အထောက်အထား စာရွက်စာတမ်း၊

(၅) အေဂျင်စီနှင့် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၈။ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော အမှတ်တံဆိပ်လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့်နေ့သည် နိုင်ငံတော်တွင် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည် -

(က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မတူညီသော နေ့အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်ကို ဦးစွာတင်သွင်းသူအား မှတ်ပုံတင်ခွင့် ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာ၌ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်ခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော အမှတ်တံဆိပ် လျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေးနေ့ အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၀။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မှတ်ပုံတင်ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ကို တောင်းဆို လျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး အမှတ်တံဆိပ်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ၎င်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ အမှတ်တံဆိပ်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကို မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း လျှောက်ထားသူများသည် ယင်းတို့အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၂၁။ (က) အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(၁) မှတ်ပုံတင်အရာရှိက အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့် စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(၂) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(၃) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကိုမဆို တစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန်လည်းကောင်း၊ တင်ပြထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်းမပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်းပြုလုပ်ပေးရန်လည်းကောင်း သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း နှစ်ပတ်လည်အထွေထွေ မျက်နှာစုံညီ အစည်းအဝေးဖိတ်ကြားခြင်းနှင့် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း (မှတ်ပုံတင်အမှတ် - ၁၀၅၁/ ၂၀၁၂-၂၀၁၃)၏ သတ္တမအကြိမ်နှစ်ပတ်လည်အထွေထွေ မျက်နှာစုံညီ အစည်းအဝေးကြီးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်ဆေးရုံများ၊ အသင်းဝင်မည့် ပုဂ္ဂလိကဆေးရုံများအား မပျက်မကွက်တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက်နှင့် အချိန် | - | ၂၀၁၉ ခုနှစ်၊ မတ်လ (၂) ရက်နေ့ (တောင်သူလယ်သမားနေ့)၊ နံနက် (၈) နာရီမှ ညနေ (၄) နာရီ။ |
| နေရာ | - | (Royal Extend Hall) Royal Mingalar ဟိုတယ်။ (၇၃ လမ်းနှင့် ၄ ရွှေဂါလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး) |
| အကြိုနှုတ်ဆက်ညစာစားပွဲ | - | ၂၀၁၉ ခုနှစ်၊ မတ်လ (၁) ရက်နေ့၊ ညနေ (၆) နာရီ။ (Royal Mingalar ဟိုတယ်၊ ရေကူးကန်ဘေး။) |

မှတ်ချက် ။ ။ ၁။ အသင်းဝင်ဆေးရုံတစ်ရုံလျှင် ကိုယ်စားလှယ်နှစ်ဦး တက်ရောက်နိုင်ပါသည်။ တက်ရောက်မည့်ကိုယ်စားလှယ်၏ နာမည်၊ ကိုယ်စားပြုသောဆေးရုံအမည် နှင့် ညစာစားပွဲတက်ရောက်မည့် လူဦးရေစာရင်းအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့ နောက်ဆုံးထားပြီး မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းရုံးချုပ် (ဖုန်း-၀၉၄၅၅၃၀၈၀၁၀၆၊ ၀၉၄၅၅၃၀၈၀၁၀၇) သို့ ဆက်သွယ်စာရင်းပေး ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၂။ အစည်းအဝေးပွဲတွင် တင်သွင်းလိုသော အဆိုပြုလွှာများနှင့် မေးမြန်းလိုသော အကြောင်းအရာများအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်နေ့ နောက်ဆုံးထားပြီး mpha.org@gmail.com သို့ ပေးပို့နိုင်ပါသည်။

၃။ အစည်းအဝေးဖိတ်စာ အချိန်မီ မရောက်ရှိပါက ယခုကြော်ငြာစာအား ဖိတ်စာအဖြစ်မှတ်ယူပြီး အစည်းအဝေးတက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းမဝင်ရသေးသော ပုဂ္ဂလိကဆေးရုံများအား အသင်းဝင်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ခေါ်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ (မြန်မာနိုင်ငံ ပုဂ္ဂလိက ဆေးရုံများအသင်း)

(အများပြည်သူများလည်း လာရောက်လေ့လာနိုင်ရန် ဆေးနှင့် ဆေးပစ္စည်းပြခန်းများ ဖွင့်လှစ်ပြသထားပါသဖြင့် စိတ်ပါဝင်စားသူများ နံနက် ( ၉ ) နာရီမှ ညနေ (၄) နာရီအတွင်း လာရောက်လေ့လာနိုင်ပါသည်။)

---

## မိခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက (ခွဲ) ရွှေညီကျောင်း သတ္တမတန်း (B) မှ မသက်ဖူးဝေ၏ မိခင်အမည်မှန်မှာ ဒေါ်မော်မော် ၁၀/ကထန(နိုင်)၁၃၆၈၈၆ ဖြစ်ပါကြောင်း။ **ဒေါ်မော်မော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

